မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တပေါင်းလဆန်း ၃ ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၄၉)

တနင်္သာရီတိုင်း မြိတ်မြို့နယ်၊ တနင်္သာရီမြို့နယ်နှင့် ပြည်ကြီးမဏ္ဍိုင်မြို့တို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် မြိတ်မြို့သို့ရောက်ရှိရာ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တမအစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တမအစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ စတင်ကျင်းပသည်။

တက်ရောက်ကြည်ညို

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရအမှူးပြုသော

စာမျက်နှာ ၆ ကော်လံ ၁ ■

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လယ်မြေဧက ၁၀၀၀၀ ကို စိုက်ပျိုးရေများ ပေးဝေလျက်ရှိသည်
ပခုက္ကူမြို့နယ်က ကုက္ကိုလှနှင့် ရွှေတန့်တစ် မြစ်ရေတင်လုပ်ငန်းများ

စိုက်ပျိုးမြေဧက ၅၀၀၀ အတွက် အလျားပေ ၆၀၀၀၀ ရှိ ရေတင်အဆင့်(၁)ဖြင့် မြစ်ရေတင်လွှတ်ပေးနေသော ကုက္ကိုလှ ပင်မမြောင်းကြီးကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ပခုက္ကူခရိုင် ကုက္ကိုလှကျေးရွာအနီး လယ်မြေဧက ၅၀၀၀ ကို ရေဝတီမြစ်ရေတင် စီမံကိန်းဖြင့် ရေလွှတ်ပေးနေသော ကုက္ကိုလှ လျှပ်စစ်ရေတင်ပေးမှုကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

- ➤ သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)
- ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၅

နိုင်ငံတော်အစိုးရသည် ဒေသတွင်းလူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးစသည့် ပြည်သူတို့၏ လိုအပ်ချက်အဝဝကို ဖြည့်ဆည်းနိုင်ရေးအတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ လှမ်းချီရာတွင် ရွှေကိုမလို ရေကိုလိုသည်ဟု တောင့်တနေသော အညာဒေသပြည်သူများအတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရန် နည်းလမ်းမျိုးစုံဖြင့် ဘက်ပေါင်းစုံမှ ရှာဖွေဖော်ထုတ်ပေးလျက်ရှိသည်။

ရေအရင်းအမြစ်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ စိုက်ပျိုးရာတွင် ရေနှင့်မြေသည် အဓိကဖြစ်သည်။ မြေရှိသော်လည်း ရေမရှိ၍မဖြစ်။ ယင်းအတွက် လိုအပ်သောအချိန်၊ လိုအပ်သောနေရာတွင် ရေရရှိရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးများတည်ဆောက်ကာ ရရှိသောရေကိုထိန်းသိမ်းသိုလှောင်ခြင်း၊ စိုက်ပျိုးဧရိယာများသို့ စိုက်ပျိုးရေများ ဖြန့်ဝေပေးခြင်းနှင့် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနအနေဖြင့်လည်း မြစ်ချောင်းများမှ ရေများကို လျှပ်စစ်ရေတင်လုပ်ငန်းများနှင့် ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းများဖြင့် လယ်မြေယာမြေများ ဖော်ထုတ်စိုက်ပျိုးကာ နိုင်ငံစီးပွား တိုးပွားမြင့်မားစေရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၄ *

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်)

လူငယ်လူရွယ်များ၏ ဘဝတိုးတက်မြင့်မားရေး ဝိုင်းဝန်းထောက်ကူ ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်ဖြစ်ရန် ကြိုးပမ်း

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖေဖော်ဝါရီ ၂၂ ရက်က ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းကွန်ရက်စီမံကိန်းနှင့် လေမုန်တိုင်းအကာအကွယ် အဆောက်အအုံ Cyclone Shelter တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန် လပွတ္တာမြို့နယ် ပြင်ခရိုင်သို့ ရောက်ရှိခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ကံထူးသာယာရပ်ကွက်၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ မိမိတို့၏ပတ်ဝန်းကျင်တွင် လေဒဏ်မိုးဒဏ်ခံနိုင်ပြီး အရိပ်လည်းရရှိစေမည့် စားသုံးသစ်ပင်များ စိုက်ပျိုးကြရန်နှင့် မြေလွတ်များ၌ မီးဖိုချောင်သုံး စားသုံးသီးနှံပင်များ စိုက်ပျိုးကြရန် တွေ့ဆုံမှာကြားခဲ့သည်။

နိုင်ငံတော်အစိုးရသည် လေဘေးသင့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရာ၌ သာမန်တည်ဆောက်ရေးမဟုတ်ဘဲ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူတို့၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတို့ကို အလေးထား ဖြည့်ဆည်းပေးခဲ့သည်။

ပညာရေးနှင့်စပ်လျဉ်း၍ အခြေခံပညာအထက်တန်းကျောင်းများ၊ ဒေသနေ လူငယ်လူရွယ်များအား အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ယူနိုင်ရန် အခြေခံအိမ်တွင်းမှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး စက်မှုလက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေးအတွက် အခြေခံပညာကျောင်းများကို ကျေးလက်ဒေသများ၌ လွယ်လင့်တကူ သင်ယူနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးထားသည်။

ဒေသခံ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူနိုင်မှု၏ အခွင့်အလမ်းသည် လက်တစ်ကမ်းအကွာတွင်ပင် ရှိနေပြီဖြစ်၍ ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာရန် ကြိုးပမ်းအားထုတ်သွားကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရက ဖန်တီးဖော်ဆောင်ပေးထားသည့် ပညာသင်ယူမှု အခွင့်အလမ်းကောင်းများကို ကျောင်းသား ကျောင်းသူများက ရယူနိုင်ရန် ကြိုးပမ်းသွားကြရမည်ဖြစ်သကဲ့သို့ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသူများ၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်ကျက်ခိုင်မာသူများ ဖြစ်ရန် ဆရာ ဆရာမများက လေ့ကျင့်ပျိုးထောင်ပေးသွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရပ်စောက်မြို့ စံပယ်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ရပ်စောက် ဖေဖော်ဝါရီ ၂၅

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော စံပယ်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၉နာရီက ရပ်စောက်မြို့ ဥတ္တံတားရပ်ကွက်ရှိ စံပယ်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်က လမ်းနှင့်ပတ်သက်သော အချက်အလက်များ ရှင်းလင်းတင်ပြပြီး စံပယ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်၍ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ်ရဲအောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်ဂေါက်ကလပ် နှစ်တစ်ရာပြည့်အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဖေဖော်ဝါရီ ၂၂ရက် ညနေ ၅နာရီတွင် ရန်ကုန်ဂေါက်ကွင်း၌ကျင်းပသည့် ရန်ကုန်ဂေါက်ကလပ်၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြု ညစာစားပွဲကို တက်ရောက်သည်။

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတေဇက ရန်ကုန်ဂေါက် ကလပ်၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အပျော်တမ်းတံခွန်စိုက် ပထမဆုရရှိသော သန့်ဇော်အား ဆုချီးမြှင့်စဉ်။

(အား/ကာ)

ဖဲကြိုးဖြတ်

အခမ်းအနားတွင် ရန်ကုန်ဂေါက်ကွင်း အထိမ်းအမှတ် ခြသေ့ရုပ်တုကို ရန်ကုန်ဂေါက်ကလပ်ဥက္ကဋ္ဌ ဦးကျော်စန်ဝင်းက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားသည်။

လက်ခံရရှိ

ထို့နောက် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတေဇက အမှာစကားပြောကြားပြီး ရန်ကုန်ဂေါက်ကလပ်ဥက္ကဋ္ဌ ဦးကျော်စန်ဝင်းက နှစ်တစ်ရာပြည့်အခမ်းအနား ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ နိုင်ငံတကာမှ ပေးပို့လာသည့် သဝဏ်လွှာများ လက်ခံရရှိမှုကို တင်ပြသည်။

ဆုများချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ရွှေအဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ဝေယံအောင်နှင့် ဒုတိယဆုရရှိသော ကျော်စိုးဝင်းတို့အား ဆုများကို ချီးမြှင့်ပေးသည်။

ပထမဆု

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ငွေအဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော တင်အောင်လင်းနှင့် ဒုတိယဆုရရှိသော သိန်းလွင်တို့အား ဆုများကို ချီးမြှင့်ပေးသည်။

ယင်းနောက် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)က ပညာရှင်တံခွန်စိုက် ပထမဆုရရှိသော မျိုးမင်းအောင်နှင့် ဒုတိယဆုရရှိသော ဇော်ဇင်ဝင်းတို့အား ဆုများကို ချီးမြှင့်ပေးသည်။

ဆုချီးမြှင့်

ထို့နောက် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတေဇက အပျော်တမ်းတံခွန်စိုက် ပထမဆုရရှိသော သန့်ဇော်နှင့် ဒုတိယဆုရရှိသော နေဗလဝင်းမြင့်တို့အား ဆုများကို ချီးမြှင့်ပေးသည်။

ယင်းနောက် ရန်ကုန်ဂေါက်ကလပ် ဥက္ကဋ္ဌ ဦးကျော်စန်ဝင်းက ကြေးအဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမဆုရရှိသော ကျော်ကိုကိုချစ်၊ ဒုတိယဆုရရှိသော ဇော်သိန်း၊ ရာသက်ပန်အသင်းသား ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမဆုရရှိသော ဦးဝင်းမောင်နှင့် ဒုတိယဆုရရှိသော ဦးစံဝေ၊ သက်ကြီးတန်းအသင်းသား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ဦးတင်အောင်၊ ဒုတိယဆုရရှိသော ဦးအောင်ကြည်၊ အမျိုးသမီးဂေါက်သီး ရိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ဒေါ်လီလီယံနှင့် ဒုတိယဆုရရှိသော ဒေါ်ရီရီခင်၊ အဖေနှင့်သား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ဦးကိုကိုအေးနှင့် သားကျော်ကိုကိုချစ်၊ ဒုတိယဆုရရှိသော ဦးလှဝင်းနှင့် သားကျော်စိုးဝင်းတို့အား ဆုများချီးမြှင့် ပေးအပ်သည်။

အမှတ်တရပစ္စည်းပေးအပ်

ထို့နောက် အထူးအစီအစဉ်အဖြစ် ရန်ကုန်ဂေါက်ကလပ်ဥက္ကဋ္ဌ ဦးကျော်စန်ဝင်းက မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီး ရိုက်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)၊ ဥက္ကဋ္ဌဟောင်း အသက် ၉၁နှစ်ရှိ ဦးမောင်မောင်တိတ်နှင့် သက်ကြီး ဂေါက်အိတ်သယ်ဆောင်သူ ဒေါ်လှ အသက်၈၀တို့အား အထိမ်းအမှတ်ပစ္စည်းနှင့် အမှတ်တရပစ္စည်းများ ပေးအပ်သည်။

ဧည့်ခံဖျော်ဖြေ

ယင်းနောက် ရန်ကုန်ဂေါက်ကလပ် အသင်းသူ အသင်းသားများအား ကံစမ်းမဲဖောက်၍ ညစာစားပွဲကို တည်ခင်းဧည့်ခံကာ IRON CROSS တေးဂီတဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နမ့်စန်မြို့နယ်စည်ပင် ဓမ္မသုခဝါဆိုကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်

နမ့်စန် ဖေဖော်ဝါရီ ၂၅

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့တွင် အမှတ်(၁) ရပ်ကွက်နှင့် အမှတ်(၂)ရပ်ကွက်တို့ ပူးပေါင်းလျက် ဓမ္မသုခဝါဆိုကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ရက်နံနက်က အဆိုပါလမ်းမုခ်ဦး၌ကျင်းပရာ နမ့်စန်မြို့နယ် တပ်နယ်မှ ဗိုလ်မှူးကြီးကျော်ဆွေဦးနှင့် လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါလမ်းမှာ အရှည်ပေ ၁၂၁၀၊ အကျယ် ၁၂ပေရှိပြီး ပြည်သူများထည့်ဝင်လှူဒါန်းငွေကျပ် ၄၆၁၂၈၀၀ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၂၆-၂-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၅။	ကြည်ညိုသဒ္ဓါပွား မဟာအံ့ထူးကံသာဘုရား
၄း၃၀	၆။	မြန်မာသံစဉ်ချိုနှားဝင်
၄း၃၅	၇။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၄၀	၈။	၂၀၀၉ခုနှစ်တက္ကသိုလ်ဝင်တန်း စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (ဓာတုဗေဒ)
၅း၁၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၂၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၄။	ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးလူဆာ** (အပိုင်း-၂၅)
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ** (အပိုင်း-၉)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	အနုပညာရှင်၏ တစ်နေ့တာ
	၂၁။	ကုန်သွယ်သုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ်** (အပိုင်း-၂၄)

ပိဋကတ်တော်နှင့် မညီညွတ်သော ရေးသား၊ ပြသ၊ ဟောပြောခြင်းများ ပေါ်ပေါက်နေ သာသနာတော်အတွက် ကြောက်မက်ဖွယ်ကောင်းသည့် ကြီးမားသော အညစ်အကြေးများဖြစ် သာသနာ့ဘေးရန်များကို မည်သို့တားဆီးကာကွယ် ပယ်ရှားရမည်ကို အလေးထားဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သဘာပတိဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် ဘဒ္ဒန္တကုမာရမဟာထေရ်၏ သာရဏီယဩဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

၁၃၇၀ ပြည့်နှစ် တပေါင်းလဆန်း ၂ ရက် (၂၅–၂–၂၀၀၉)ရက် (ဗုဒ္ဓဟူးနေ့)

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား။ ဆရာတော် အရှင်မြတ်တို့ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော ဦးတည်ချက်ဖြင့် စုံစုံညီညီ ကြွရောက်တော်မူလာကြသည့်အတွက် ''ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ သမဂ္ဂါ သန္နိပတိဿန္တိ၊ သမဂ္ဂါဝုဋ္ဌဟိဿန္တိ၊ သမဂ္ဂါသံဃကရဏီယာနိ ကရိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နောပရိဟာနိ'' (ဒီ၊ ၂၊ ၆၅)ဟူသော ဘိက္ခု အပရိဟာနိယ ဒေသနာတော်နှင့် ညီညွတ်သည့်အတွက် နှစ်သက်ရွှင်လန်း ဝမ်းမြောက်ရပါသည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား။ ဘုရားတပည့်တော်တို့၏ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်းမှု၏ ရည်ရွယ်ချက် (၇)ချက်တို့တွင်–(က)၌ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရန်ဖြစ်သည်ဟုဆိုထားရာ ဘုရားတပည့်တော်တို့ ဆောင်ရွက်ရမည့် သာသနာတော်ကိစ္စများမှာ သာသနာတော်သန့်ရှင်းရန်၊ သာသနာတော်တည်တံ့ရန်၊ သာသနာတော်ပြန့်ပွားရန်တို့ ဖြစ်ပါသည်။

ထိုရည်ရွယ်ချက် (၃)ချက်တို့တွင် သာသနာတော်သန့်ရှင်းရန်အတွက် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းဖွဲ့စည်းပြီး ပထမငါးနှစ်အတွင်း၌ ရဟန်းတု၊ ရဟန်းယောင်များကို ဖယ်ရှားခြင်း၊ ပိဋကတ်တော်နှင့် မညီသောရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့များဖြင့် ဓမ္မ၊ အဓမ္မဆုံးဖြတ်စေခြင်းစသည်ဖြင့် သာသနာတော်သန့်ရှင်းရန်ကိစ္စများကို ဆောင်ရွက်ခဲ့သဖြင့် အထိုက်အလျောက် အောင်မြင်ခဲ့ပါသည်ဘုရား။

သို့ရာတွင် နှစ်ကာလကြာမြင့်လာသောအခါ ထိုရဟန်းတု၊ ရဟန်းယောင်များ၊ အဓမ္မဝါဒများ တစ်စတစ်စခေါင်းထောင်လာသည်ကို ဆရာတော်ဘုရားများ ကြားသိတော်မူကြပြီး ဖြစ်ပါလိမ့်မည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်သူမြတ်တို့သည်–

(၁) ခမာ – အရာရာ၌သည်းခံခြင်းဂုဏ်၊
(၂) ဇာဂရိယ – နိုးကြားခြင်းဂုဏ်၊
(၃) ဥဋ္ဌာန – ထကြွလုံ့လဝီရိယရှိခြင်းဂုဏ်၊
(၄) သံဝိဘာဂ – ခွဲခြားဝေဖန်ခြင်းဂုဏ်၊
(၅) ဒယာ – သနားငဲ့ညှာခြင်းဂုဏ်၊
(၆) ဣက္ခဏာ – စေ့စေ့ငုငု ကြည့်ရှုဆင်ခြင်ခြင်းဂုဏ် ဟူသော နာယကဂုဏ်အင်္ဂါ ခြောက်ပါးတို့နှင့် ပြည့်စုံတော်မူကြသည့် အရှင်မြတ်များချည်းသာ ဖြစ်ကြရပါမည်ဘုရား။

ဤနာယကဂုဏ်အင်္ဂါ ခြောက်ပါးတို့တွင်လည်း နောက်ဆုံးဖြစ်သော စေ့စေ့ငုငု ကြည့်ရှုဆင်ခြင်ခြင်းဟူသော ''ဣက္ခဏာ'' ဂုဏ်အင်္ဂါကို ကိစ္စကြီးငယ် အသွယ်သွယ် အဝဝဟူသမျှတို့၌ ရှေ့ဂုဏ်အင်္ဂါ ခြောက်ပါးထက် အလွန်အကျူး အထူးအားဖြင့် အလိုရှိသင့်၊ အလိုရှိထိုက်၊ ပြည့်စုံစေသင့်၊ ပြည့်စုံစေထိုက်လှပါသည်ဘုရား။

အဘယ်ကြောင့်နည်းဟူမူ အကြီးအမှူး ဦးစီးနာယကဖြစ်ကြသော ပုဂ္ဂိုလ်များသည် မိမိတို့ကြီးမှူးရာ နယ်ပယ်အတွင်း၌ အကြောင်းအရာဝတ္ထုအစုစုတို့ကိုတစ်ခုမကျန် ဝေဖန်ပိုင်းခြားပြတ်သားစွာ သိမြင်အောင် ကြည့်ရှုဆင်ခြင်ပြီး ပဂ္ဂဟ၊ နိဂ္ဂဟ ကိစ္စကြီးငယ် အသွယ်သွယ်တို့ကို ဆောင်ရွက်ပြုလုပ်မှသာလျှင် ချို့ယွင်းချက်မရှိ တိကျမှန်ကန်သော ဆောင်ရွက်ချက်ဖြစ်သဖြင့် လိုအပ်သော အကျိုးများ ပြီးစီးအောင်မြင်နိုင်သောကြောင့် ဖြစ်ပါသည်ဘုရား။

သို့ရာတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် ကျောင်း၊ ကျောင်းတိုက်ပိုင်ဆိုင်မှု အငြင်းပွားခြင်း၊ ကျောင်းသစ်ဆောက်လုပ်မှုအတည်ပြုခြင်းအစရှိသော အသေးအဖွဲကိစ္စများကိုသာ ဆောင်ရွက်နေကြရသည်က များပါသည်ဘုရား။ လွန်စွာအရေးကြီးသည့် သာသနာတော် သန့်ရှင်းရေးကိစ္စများကိုမူ စိတ်ပါဝင်စားသော အရှင်မြတ်များ အနည်းငယ်မျှသာရှိသည်ဟု ထင်မြင်ယူဆမိပါသည်ဘုရား။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် အမြင့်ဆုံးအဖွဲ့အစည်းကြီးဖြစ်သည့်အတွက် သာသနာတော်သန့်ရှင်းရေးကိစ္စများသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးမှာ တာဝန်အရှိဆုံး ဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး၌ မည်သည့်အညစ်ကြေးများ၊ မည်သည့်ဘေးရန်များ၊ မည်သည့်အနှောင့်အယှက်များ ဖြစ်ပေါ်နေသည်ဟု တိကျပြတ်သားစွာ သိမြင်အောင် ဆင်ခြင်ထောက်လှမ်း စုံစမ်းလေ့လာမှု အမြဲပြုနေကြဖို့လိုပါသည်ဘုရား။

ယခုအခါ ပိဋကတ်တော်နှင့် မညီညွတ်သော ရေးသားခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်း၊ ဟောပြောခြင်းများ ပေါ်ပေါက်နေသည်ကိုလည်းကောင်း၊ ယခင်က အဓမ္မဟု ဆုံးဖြတ်အပ်ခဲ့ပြီးသော အဓမ္မဝါဒများပြန်လည်ခေါင်းထောင်နေသည်ကိုလည်းကောင်း ကြားသိတွေ့မြင်နေရပါသည်ဘုရား။ ယင်းကိစ္စများသည် သာသနာတော်အတွက် ကြောက်မက်ဖွယ်ကောင်းသည့် လွန်စွာကြီးမားသော အညစ်အကြေးများ ဖြစ်ကြပါသည်ဘုရား။

ထိုသာသနာ့ဘေးရန်များကို မည်သို့မည်ပုံ တားဆီးကာကွယ်ရမည်။ သုတ်သင်ပယ်ရှားရမည်စသည်တို့ကို လေးလေးနက်နက် စဉ်းစားနှိုင်းချိန်၍ မိမိတို့ အချင်းချင်းလည်းကောင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များနှင့်လည်းကောင်း၊ အခြားပညာရှင်များနှင့်လည်းကောင်း တိုင်ပင်ညှိနှိုင်း၍ အလေးအနက်ထားကာ ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားပါသည်ဘုရား။

အထူးနောက်တစ်ချက် လျှောက်ထားလိုသည်မှာ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ပဉ္စမအစည်းအဝေးက သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ နာယကလက်စွဲ၊ ညွှန်ကြားလွှာများပြင်ဆင်ရန်ကိစ္စကို စိစစ်ရေးအဖွဲ့ဖွဲ့စည်းတာဝန်ပေးခဲ့ရာ ယင်းစိစစ်ရေး အဖွဲ့က စိစစ်တွေ့ရှိချက်များကို ညှိနှိုင်းဆွေးနွေးပြီးလျှင် ပြင်ဆင်၊ ဖြည့်စွက်၊ နုတ်ပယ်သင့်သည့် ကောက်နုတ်ချက်များကို ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဆဋ္ဌအစည်းအဝေးသို့ တင်ပြခဲ့ရာ ယင်းအစည်းအဝေးက ဖော်ပြပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်။

ဆုံးဖြတ်ချက်

လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရန်ကိစ္စတင်ပြခြင်းနှင့် စပ်လျဉ်း၍ အထူးဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကိုတင်ပြ၍ ပြင်ဆင်ရမည့်အချက်များစွာကို တွေ့ရှိ၍ နိုင်ငံတော် သံဃမဟာနာယကဆရာတော်များအနေဖြင့် လိုအပ်ချက်များ တွေ့ရှိပါက စိစစ်ရေး အဖွဲ့ငယ်သို့ အကြံဉာဏ်များပေးပို့နိုင်ရန်ကိစ္စတင်ပြခြင်းနှင့်စပ်လျဉ်း၍ သိရှိကြောင်း မှတ်တမ်းတင်ရန်။

ယင်းပြင်ဆင်၊ ဖြည့်စွက်၊ နုတ်ပယ်ရန်အချက်များနှင့်ပတ်သက်၍ နိုင်ငံတော် သံဃမဟာနာယကဆရာတော်များ၏ အကြံပြုတင်ပြချက်များကို ချီးမြှင့်ပါရန် လျှောက်ထားဆက်ကပ်သည့်စာကိုလည်း တွေ့မြင်ဖတ်ရှုရပါသည် ဘုရား။ ယင်းလျှောက်ထားစာဝယ် အကြောင်းအရာ၌ ''လုပ်ထုံးလုပ်နည်း၊ လက်စွဲ၊ ညွှန်ကြားလွှာများပြင်ဆင်ရေးကိစ္စ''ဟု ဖော်ပြထားသော်လည်း စိစစ်ရေးအဖွဲ့၏ ပြင်ဆင်၊ဖြည့်စွက်၊ နုတ်ပယ်ရန်အချက်များကိုဖော်ပြရာ၌ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းပါဝင်နေသည်ကို တွေ့ရှိပါသည်။ ယင်းသံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းပါအပိုဒ်များကို ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကသာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်းပြုလုပ်နိုင်သည်ဟု သံ/စည်း အခန်း(၁၆)အပိုဒ်(၉၆)၌ ပြဋ္ဌာန်းထားပါသောကြောင့် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၌ပါသော ပြင်ဆင်၊ ဖြည့်စွက်၊နုတ်ပယ်ချက်များကို ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကသာ ပြုလုပ်နိုင်သည်ဖြစ်၍ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အထူးအစည်းအဝေးခေါ်ယူရန် လိုအပ်ပါသည်ဘုရား။ သံ/စည်း အခန်း(၁၁) အပိုဒ်(၈၀)၌ သာသနာတော်တစ်ရပ်လုံးနှင့် သက်ဆိုင်သည့် အရေးကြီးသော သာသနာရေးကိစ္စပေါ်ပေါက်လာသည့်အခါ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဆုံးဖြတ်ချက်အရ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေး ပွဲကြီးကို ကျင်းပရမည်ဟု ပြဋ္ဌာန်းထားရာ တပည့်တော်တို့ သံဃမဟာနာယက အဖွဲ့ကြီးက ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပသင့်၊မကျင်းပသင့် အဆုံးအဖြတ်ပေးရမည် ဖြစ်ပါသည်။

ယင်းကိစ္စကို တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များချည်း မဆုံးဖြတ်ဘဲ သာသနာရေးဝန်ကြီးနှင့် ညှိနှိုင်းတိုင်ပင်ပြီးမှသာ ဆုံးဖြတ်သင့်သည်ဟု ထင်မြင်ပါသည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ပြင်ဆင်၊ ဖြည့်စွက်၊နုတ်ပယ်ရန်ကိစ္စသည် သာသနာတော်အတွက် အလွန်အရေးကြီးသောကိစ္စ ဖြစ်သဖြင့် တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များချည်း ညှိနှိုင်းတိုင်ပင်ပြင်ဆင်၊ ဖြည့်စွက်၊ နုတ်ပယ်ခြင်းများကို မပြုသေးဘဲ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များထဲမှ သင့်လျော်သော ဆရာတော်များ၊ မူလဝန်ဆောင် ၆၆ ပါးတွင် ပါဝင်၍ သက်တော်ထင်ရှားရှိပြီး ဆောင်ရွက်နိုင်မည့်ဆရာတော်များ၊ အခြားပညာရှင်များနှင့်ပါ သေချာစေ့စပ်စွာ ညှိနှိုင်းတိုင်ပင်ပြီး ဆောင်ရွက်သင့်သည်ဟု အကြံပြုလျက် တပည့်တော်၏ သာရဏီယဩဝါဒကထာကို နိဂုံးကမှတ်အဆုံးသတ်ပါသည် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား။ ။

ဘဒ္ဒန္တကုမာရ
ဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

လျှပ်စစ်(၁)ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Electronic Import & Export Corporation (CEIEC) မှ Mr.Cong Ya Dong နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြပြီး ရေအားလျှပ်စစ်စီမံကိန်းများနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်မှုသင်တန်းကျောင်း (သာဂရ)ဖွင့်ပွဲနှင့် လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အမှတ်(၂)စက်မှုဝန်ကြီးဌာနက ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ သာဂရစက်မှုနယ်မြေ၌ အကောင်အထည်ဖော်ခဲ့သည့် အဆင့်မြင့်စက်မှုသင်တန်းကျောင်းဖြစ်သည့် စက်မှုသင်တန်းကျောင်း(သာဂရ)ဖွင့်ပွဲနှင့် လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် အဆိုပါ သာဂရစက်မှုနယ်မြေ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Park Key-Chong၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Korea International Cooperation Agency -KOICA)မှ ဒုတိယဥက္ကဋ္ဌ Mr.Ahn Won Dong နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Park Key-Chong နှင့် ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ ဒုတိယဥက္ကဋ္ဌ Mr.Ahn Won Dong တို့သည် စက်မှုသင်တန်းကျောင်း(သာဂရ) ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ဝန်ကြီးက စက်မှုသင်တန်းကျောင်း(သာဂရ)၏ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီးနှင့် ဧည့်သည်တော်များက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကာ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် သင်တန်းကျောင်း လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို စုဝေးခန်းမ၌ ပြုလုပ်ရာ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက အဖွင့်အမှာစကား ပြောကြားပြီး သံအမတ်ကြီး H.E. Mr.Park Key-Chong နှင့် ဒုတိယဥက္ကဋ္ဌ Mr.Ahn Won Dong တို့က ဝမ်းမြောက်စကား ပြောကြားကြသည်။

ဆက်လက်၍ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ဌာနေကိုယ်စားလှယ် Mr.Cho Kwang Geol တို့က သင်တန်းကျောင်း လွှဲပြောင်းလက်ခံခြင်းဆိုင်ရာ မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြကာ အပြန်အလှန်လဲလှယ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် စက်မှုသင်တန်းကျောင်း၏ ပင်မဆောင်အတွင်းရှိ သင်ကြားရေးခန်းမများ၊ ကျောင်းသားရေးရာဌာန၊ Electronic Department နှင့် Electricity Department အတွင်းရှိ သင်ကြားရေး စက်ကိရိယာများ၊ Testing Equipment များ၊ Computer များကိုလည်းကောင်း၊ CAD/ CAM Department တွင် CNC Machining Center, CNC Lathe များဖြင့်စက်ခုတ်စားနေမှုကိုလည်းကောင်း၊ Machinery Department ရှိ Hydraulic & Pneumatic ခန်း၊ Grinding Machine ခန်း၊ Welding ခန်းနှင့် Lathe Machine ခန်းတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြရာ Project Manager, Mr. Yeong Wook Kim နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယနေ့ဖွင့်လှစ်သည့် စက်မှုသင်တန်းကျောင်း(သာဂရ)ကို ကိုရီးယားသမ္မတနိုင်ငံ အစိုးရ၏ အထောက်အပံ့ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ သင်တန်းကျောင်းမှ Electronic Course, Electricity Course, CAD/ CAM Course နှင့် Machinery Course စသည့်ဘာသာရပ်လေးမျိုးကို တစ်နှစ်သင်တန်းများအဖြစ် ဖွင့်လှစ်သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၂)စက်မှု ဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Park Key-Chong နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ဒုတိယဥက္ကဋ္ဌ Mr.Ahn Won Dong တို့ စက်မှုသင်တန်းကျောင်း(သာဂရ) ပင်မဆောင်အတွင်း ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

မူကြိုကလေးများ စွမ်းရည်ပြိုင်ပွဲကျင်းပ

လပွတ္တာ ဖေဖော်ဝါရီ ၂၅

လပွတ္တာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ခရိုင်အတွင်းရှိ မြို့နယ်များမှ မူကြိုကလေးငယ်များ၏ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီ၂၄ရက် နံနက် ၉ နာရီက ရွှေနဒီခန်းမ၌ ကျင်းပသည်။

ချီးမြှင့်ပေးအပ်

ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုများကို ခရိုင်မိခင်နှင့်ကလေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာက ပေးအပ်သည်။ ပထမဆုကို လပွတ္တာမြို့နယ်၊ ဒုတိယဆုကို မော်လမြိုင်ကျွန်းမြို့နယ်၊ တတိယဆုကို ဟိုင်းကြီးကျွန်းမြို့နယ်တို့က ရရှိကြသည်။ ထို့နောက် ပြိုင်ပွဲဝင်ကလေးများအား ခရိုင်မိခင်နှင့်ကလေး ကြီးကြပ်ရေးအဖွဲ့နှင့် အလှူရှင်များက အမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ အရှေ့တောင်ပိုင်းရှိ အကြီးမားဆုံး ရေနံချက်စက်ရုံကို ဖေဖော်ဝါရီ ၂၅ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရန်သမ္မတ အာမက်ဒီနီဂျက် ရွေးကောက်ပွဲ၌ ပြန်လည်အရွေးခံမည်

တီဟီရန် ဖေဖော်ဝါရီ ၂၅

အီရန်နိုင်ငံတွင် တာဝန်ထမ်းဆောင်ဆဲ သမ္မတဖြစ်သူ မာမွတ်အာမက်ဒီနီဂျက်က ကျင်းပတော့မည့် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ထားကြောင်း အီရန်နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက ဖေဖော်ဝါရီ ၂၃ ရက်တွင် ဖော်ပြသည်။

အာမက်ဒီနီဂျက်သည် ဇွန်လတွင်ကျင်းပမည့် ဒသမအကြိမ်မြောက် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံမည့် ကိုယ်စားလှယ်လောင်းဖြစ်သည်ဟု အာမက်ဒီနီဂျက်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆာမာရီဟာရှီမီ၏ ပြောကြားချက်အရ ၎င်းရုပ်မြင်သံကြားသတင်းဌာနက ဖော်ပြသည်။

ထုတ်ဖော်ပြောကြား

အာမက်ဒီနီဂျက်က ကွမ်မြို့ရှိ ဘာသာရေးဆိုင်ရာအုပ်စု၏ ယဉ်ကျေးမှုဌာနတွင် ယင်းကိစ္စကို ပြောကြားခဲ့သည်ဟု ဟာရှီမီက ထုတ်ဖော်ပြောကြားသည်။

အီရန်ပြည်သူလူထုက အစိုးရဝန်ထမ်းများ ပိုမိုကောင်းမွန်လာသည်ကို သိရှိနေကြသည်ဟု ဟာရှီမီက သမ္မတအာမက်ဒီနီဂျက်၏ အီရန်ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်ခဲ့ပုံကို ရည်ညွှန်းပြောကြားသည်။

ဝင်ရောက်ယှဉ်ပြိုင်

အီရန်မှ ပြုပြင်ပြောင်းလဲရေးဝါဒီ သမ္မတဟောင်း မိုဟာမက်ခါတာမီကလည်း ဇွန်လတွင်ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ထားသည်ဟု ကြေညာသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂွမ်တာနာမိုအကျဉ်းသားအား ညှဉ်းပန်းနှိပ်စက်မှု အမေရိကန်အစိုးရ နောက်ကွယ်၌ ရှိဟုဆို

လန်ဒန် ဖေဖော်ဝါရီ ၂၅

အမေရိကန်နိုင်ငံ၏ ဂွမ်တာနာမို အကျဉ်းစခန်းတွင် လေးနှစ်ကျော်ကြာ အချုပ်ခံရမှုမှ လွတ်လာသူ ဘင်ယမ်မိုဟာမက်အား ပြန်လွှတ်ပြီးနောက် လေယာဉ်ဖြင့် ဗြိတိန်သို့ ဖေဖော်ဝါရီ ၂၃ ရက်က ပြန်ပို့ပေးသည်။

၎င်းအားလွှတ်ပေးရန် ဗြိတိန်အစိုးရ၏ ၁၈ လကြာ ဖိအားပေးမှုကြောင့် အမေရိကန်အစိုးရက ၎င်းအားပြန်လွှတ်ပေးရန် ပြီးခဲ့သည့် ရက်သတ္တပတ်က သဘောတူလိုက်ခြင်းဖြစ်သည်။

စွပ်စွဲ

ဖမ်းဆီးထားစဉ် ၎င်းအားညှဉ်းပန်းနှိပ်စက်မှု နောက်ကွယ်၌ အမေရိကန်အစိုးရရှိနေသည်ဟု မိုဟာမက်က စွပ်စွဲပြောကြားသည်။

လွတ်မြောက်

သူသည် အမေရိကန်သမ္မတ အိုဘားမား သမ္မတဖြစ်ပြီးနောက် ဂွမ်တာနာမို အကျဉ်းစခန်းမှ ပထမဆုံး လွတ်မြောက်လာသူ ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ဘူလ်ဂေးရီးယားနိုင်ငံဗာနာမြို့၌ ဆီးနှင်းများ ထူထပ်စွာကျဆင်း

ဗာနာ ဖေဖော်ဝါရီ ၂၅

ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့တော် အရှေ့ပိုင်း ဗာနာမြို့တွင် ဖေဖော်ဝါရီ ၂၄ ရက်က ဆီးနှင်းများထူထပ်သိပ်သည်းစွာကျဆင်းခဲ့ရာနေရာအနှံ့အပြား၌ဆီးနှင်းထုနှစ်ပေခန့်အထိမြင့်တက်ခဲ့ကြောင်း ဘူလ်ဂေးရီးယားနိုင်ငံ အရာရှိများက ပြောကြားသည်။

လွှတ်မြောက်

အပူချိန်ရေခဲမှတ်အောက် ကျဆင်းပြီး အချို့နေရာဒေသများ၌ ရေများခဲခဲ့ရာ မော်တော်ယာဉ်သွားလာမှုများ ရပ်ဆိုင်းသွားကြောင်း၊ လမ်းများပေါ်တွင် ဆီးနှင်းများ စုပုံခဲ့ပြီး လေအေးများလည်းတိုက်ခတ်ခဲ့ရာ ရာသီဥတုဆိုးရွားမှုကြောင့် သုံးဦးသေဆုံးခဲ့ကြောင်း ၎င်းအရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

ဘူလ်ဂေးရီးယားနိုင်ငံ ဗာနာမြို့၌ ဆီးနှင်းများ ထူထပ်စွာကျဆင်းနေမှုကို ဖေဖော်ဝါရီ ၂၅ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ချိုင်းနားဒေးလီး အထူးထုတ်သတင်းစာ အင်္ဂလိပ်ဘာသာဖြင့် နယူးယောက်၌ ထုတ်ဝေ

နယူးယောက် ဖေဖော်ဝါရီ ၂၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ချိုင်းနားဒေးလီးသတင်းစာ၏ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် အထူးထုတ်ကို နယူးယောက်မြို့၌ ဖေဖော်ဝါရီ၂၃ရက်က စတင်ထုတ်ဝေဖြန့်ချိလိုက်သည်။

ယင်းသို့ထုတ်ဝေခြင်းမှာ တရုတ်ပြည်၏ လျင်မြန်စွာပြောင်းလဲလာသော စီးပွားရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးမြင်ကွင်းကို မျက်ခြည်မပြတ်လေ့လာနေသည့် အကဲခတ်သမားများနှင့် မြောက်အမေရိကစီးပွားရေးလုပ်ငန်းရှင်များအတွက် ရည်ရွယ်သည်ဟုဆိုသည်။

အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် ချိုင်းနားဒေးလီးသတင်းစာကို အမေရိကန်နိုင်ငံ၌ ၁၉၈၃ခုနှစ်ကတည်းက ထုတ်ဝေကာ သြဇာတိက္ကမရှိသော သတင်းစာအဖြစ် ရပ်တည်ခဲ့သော်လည်း ယခုအခါ ချိုင်းနား ဒေးလီးအထူးထုတ်အဖြစ် အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေခြင်းဖြစ်သည်ဟုလည်း ချိုင်းနားဒေးလီး ဒုတိယအယ်ဒီတာချုပ်ကျူက ရှင်းပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပြန်ပေးဆွဲခံရသည့် ကုလသမဂ္ဂမှတာဝန်ရှိပုဂ္ဂိုလ်တစ်ဦး အသတ်ခံရဟု သတင်းများတွင် ဖော်ပြ

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၅

ပြန်ပေးဆွဲခံရသည့် ကုလသမဂ္ဂမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ဂျွန်ဆိုလက်ကီးသည် ပါကစ္စတန်နိုင်ငံတွင် အသတ်ခံရကြောင်း မီဒီယာသတင်းများအရ သိရသည်။

အဆိုပါ ပုဂ္ဂိုလ်သည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး (ယူအင်န်အိတ်ချ်စီအာရ်) ဖြစ်ပြီး ပါကစ္စတန်နိုင်ငံ ကွက်တာမြို့၌ လွန်ခဲ့သည့် ရက်အနည်းငယ်က ပြန်ပေးဆွဲခံရကာ အသတ်ခံရသည်ဟု ဂျီအိုရုပ်မြင်သံကြားဌာနက ဖော်ပြသည်။

အဆိုပါလူအချို့က ကွက်တာသတင်းစာသို့ ဖေဖော်ဝါရီ ၂၄ ရက်က ဖုန်းဆက်အကြောင်းကြားပြီး ကုလသမဂ္ဂမှ တာဝန်ရှိပုဂ္ဂိုလ် ဂျွန်ဆိုလက်ကီးဆိုသူအား အသတ်ခံရပြီး နှစ်နာရီအကြာတွင် ၎င်း၏အလောင်းကို တွေ့ရှိထားကြောင်း သတင်းများတွင်ဖော်ပြသည်။သို့ရာတွင် ၎င်းသေဆုံးမှုနှင့် ပတ်သက်သည့် အတည်ပြုသတင်းများ ထုတ်ပြန်ခြင်းမရှိသေးပေ။

ဆိုလက်ကီး စီးနင်းလာသည့် မော်တော်ယာဉ်သည် ကွက်တာမြို့တွင် ဖေဖော်ဝါရီလအတွင်းက ချောင်းမြောင်းတိုက်ခိုက်ကာ ပြန်ပေးဆွဲခံရပြီး ၎င်း၏ယာဉ်မောင်းမှာ သေနတ်ဖြင့် ပစ်သတ်ခံရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါလက်စတိုင်းနိုင်ငံ ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတို့လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် မော်တော်ယာဉ်ကို ဖေဖော်ဝါရီ ၂၅ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘင်္ဂလားဒေ့ရှ်က စစ်ဘက်ဆိုင်ရာ ပစ္စည်းများ ဝယ်ယူရန်စီစဉ်

ဒါကာ ဖေဖော်ဝါရီ ၂၅

ထုတ်ယူသုံးစွဲခြင်းမပြုရသေးသည့် သဘာဝဓာတ်ငွေ့နှင့် ရေနံအရင်းအမြစ်များ ကြွယ်ဝသော ကမ်းရိုးတန်းများ ပိုင်ဆိုင်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ရေတပ်အတွက် ဒုံးကျည်များအပါအဝင် စစ်ဘက်ဆိုင်ရာ ပစ္စည်းများဝယ်ယူရန် စီစဉ်လျက်ရှိကြောင်း စီမံကိန်းဝန်ကြီးက ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

အခိုင်အမာဖြစ်စေ

ဘင်္ဂလားဒေ့ရှ်က ဝယ်ယူမည့်လက်နက်များနှင့် စစ်ပစ္စည်းများတွင် တင့်ကားများ၊ လေယာဉ်၊ ရဟတ်ယာဉ်များ၊ ရိုင်ဖယ်သေနတ်များနှင့် အခြားပစ္စည်းများ ပါဝင်မည်ဖြစ်ပြီး ကာကွယ်ရေး ကွန်ရက်တစ်ခုအတွက် အခိုင်အမာဖြစ်စေမည်ဟုလေတပ်မှ အကြီးအကဲဟောင်းတစ်ဦးလည်း ဖြစ်သည့် စီမံကိန်းဝန်ကြီး အေကေခန်ဒကာက ပါလီမန်တွင် ပြောကြားသည်။

ရေတပ်အတွက် ဒုံးကျည်များ ယခုနှစ်အတွင်း ဝယ်ယူရန် အမေရိကန်ဒေါ်လာ ၁၇သန်း အသုံးပြုမည်ဖြစ်သည်ဟု ၎င်းက ပြောကြားသော်လည်း အခြားစစ်ဘက်ပစ္စည်းများ၊ လေယာဉ်ဝယ်ယူမည့် တန်ဖိုးနှင့် အသေးစိတ်အစီအစဉ်ကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

တောင့်တင်းခိုင်မာ

အဆိုပါပစ္စည်းများဝယ်ယူရန် အစီအစဉ်သည် လက်နက်ကိုင်တပ်ဖွဲ့များတောင့်တင်းခိုင်မာစေရန်နှင့် ခေတ်မီစေရန်အတွက် ဝယ်ယူရခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ရာသီဥတုပြောင်းလဲမှုနှင့် ဘဏ္ဍာရေးအကျပ်အတည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးကြိုးပမ်းမှုကို ခြိမ်းခြောက်

ဂျီနီဗာ ဖေဖော်ဝါရီ ၂၅

စားနပ်ရိက္ခာပြဿနာနှင့် ဘဏ္ဍာရေးအကျပ်အတည်းမှသည် ရာသီဥတုပြောင်းလဲမှုအထိ ကျယ်ပြန့်သည့်စိန်ခေါ်မှုများက စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ကမ္ဘာလုံးဆိုင်ရာကြိုးပမ်းမှုများကို ခြိမ်းခြောက်လာနေကြောင်း ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးရာ လက်ထောက်ညွှန်ကြားရေးမှူးချုပ်ရှားက ဖေဖော်ဝါရီ ၂၄ ရက်တွင် သတိပေးလိုက်သည်။

ကုလသမဂ္ဂဌာနချုပ်၌ ဖေဖော်ဝါရီ ၂၄ ရက်ကစတင်သည့် ကုလသမဂ္ဂစဉ်ဆက် မပြတ်ဖွံ့ဖြိုးရေး အစည်းအဝေးတွင် ကုလသမဂ္ဂ လက်ထောက်ညွှန်ကြားရေးမှူးချုပ် ရှားက အထက်ပါအတိုင်း သတိပေး ပြောကြားခြင်းဖြစ်သည်။

ထုတ်ဖော်ပြောကြား

ထိုသို့သော စိန်ခေါ်မှုများကို စီးပွား ရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ရေးရာများ စုပေါင်းကာ ဘက်စုံပေါင်းစည်း ဖြေရှင်းမှသာ ရရှိလိမ့်မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ် ဘဏ္ဍာရေး အကျပ်အတည်းကြုံပြီးနောက် စားနပ်ရိက္ခာဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း၊ တစ်ကမ္ဘာလုံး ဘဏ္ဍာရေးနှင့် စီးပွားရေးကျဆင်းမှုကြောင့် အခြေအနေ ပိုမိုဆိုးရွားလာကြောင်း ၎င်းက သုံးသပ် ပြောကြားသည်။

စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှုန်းများမှာ နေရာတိုင်းတွင် ကျဆင်းနေပြီး အလုပ် လက်မဲ့ဦးရေက ပိုမိုများပြားလာကြောင်း၊ ဆင်းရဲမွဲတေမှု၊ ငတ်မွတ်မှုနှင့် အာဟာရ ချို့တဲ့မှုတို့က ပိုမိုဆိုးရွားလာကြောင်း၊ ထိုသို့သော စိန်ခေါ်မှုများအနက် ရာသီဥတုပြောင်းလဲမှုမှာ ထိပ်ဆုံးမှ ခြိမ်းခြောက် လျက်ရှိကြောင်း၊ ဤကိစ္စကို ကိုင်တွယ် ဖြေရှင်းခြင်းမပြုလျှင် လူသားတို့ ဆင်းရဲတွင်း ပိုမိုနက်ရှိုင်းလာမည်မှာ သေချာကြောင်း ၎င်းကပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဗီယက်နမ်ပြည်နယ် ၁၀ ခု၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

ဟန္နိုင်း ဖေဖော်ဝါရီ ၂၅

ဗီယက်နမ်နိုင်ငံမှ ပြည်နယ် ၁၀ခုတွင် ကြက်ငှက်တုပ်ကွေးရောဂါများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း နောက်ဆုံးရရှိသည့် သတင်းအရ နိုင်ငံမြောက်ပိုင်း နင်ဘင်ပြည်နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားကြောင်း ဗီယက်နမ် လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တိရစ္ဆာန်ကျန်းမာရေးဌာနက ကြေညာသည်။

သေဆုံး

နင်ဘင်ပြည်နယ်ရှိ မွေးမြူရေးခြံသုံးခြံမှ ဘဲကောင်ရေ ၇၀မှာ ကြက်ငှက်တုပ်ကွေးကြောင့် သေဆုံးသည်ကို တွေ့ရသည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း တာပေါင်ချဲ့ခြင်းနှင့် ကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၇ရက် နံနက်ပိုင်းက ပူတာအိုမြို့နယ် ဆုံဆည်းရာပညာရိပ်မြုံသို့ရောက်ရှိပြီး ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးက ကျောင်းသားကျောင်းသူများအား လက်ဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ဆောက်လုပ်မှု

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် ပူတာအိုတပ်နယ်ကို ကြည့်ရှုစစ်ဆေးကာ ပူတာအိုမြို့နယ် မူလာရှီးဒီးကျေးရွာရှိ မလိခဟိုတယ်၌ အဆောက်အအုံများ ဆောက်လုပ်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် မလိခဟိုတယ်၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာများအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် ပူတာအိုမြို့နယ် မူလာရှီးဒီးကျေးရွာနှင့် ရေကျော်ကျေးရွာတို့ကို ဆက်သွယ် တည်ဆောက်ထားသည့် မူလာရှီးဒီး ကြိုးတံတား ကြံ့ခိုင်မှုအခြေအနေနှင့် နမ့်လိုင်ချောင်း ရေစီးဆင်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ မူလာရှီးဒီးကျေးရွာရှိ နန့်မလိခ သစ်သားတံတား ပြန်လည်ပြုပြင်တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပူတာအိုမြို့နယ် တန်ဂျာရွာအနီးရှိ ပူတာအိုခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ဗိုလ်ချုပ်အုန်းမြင့်အား ပြည်နယ်အင်ဂျင်နီယာမှူးကြီးက မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း စုစုပေါင်း ၂၁၈မိုင်တာပေါင်ချဲ့ခြင်း၊ ကျောက်ခင်းခြင်းနှင့် ကျောက်ရိုးစီ ကမ်းကပ်ခံရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ခရိုင်နှင့်စီမံကိန်း အထူးအဖွဲ့များက အပိုင်းများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ဗိုလ်ချုပ်အုန်းမြင့်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဖောက်လုပ်သည့် အထူးစီမံကိန်းဖြစ်၍ လမ်းများကို အဆင့်မြင့်တင် ဆောင်ရွက်ရာ၌ ရေရှည်တည်တံ့အောင် ခိုင်ခိုင်ခံ့ခံ့ ထိထိမိမိ စနစ်တကျ တည်ဆောက်သွားကြရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် တန်ဂျာကျေးရွာအနီးရှိ တန်ဂျာဘေလီအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာပြီး ဆွမ်ပီယန် ဘေလီနှစ်ထပ် သံပေါင်တံတား၏ ကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း၊ လမ်းအထူးအဖွဲ့(၆)က တာဝန်ယူဆောင်ရွက်သည့် မိုင်တိုင်အမှတ်(၁၅၃/၀ မှ ၁၆၉/၉)အတွင်း မိုင်တိုင်အမှတ်(၁၅၉/ ၃)၌ စက်ယန္တရားကြီးများဖြင့် မြေသားညှိခြင်း၊ မြေသားသိပ်သည်းမှုရှိအောင် ဆောင်ရွက်ခြင်းနှင့် ကျောက်ခင်းရန် ဆောင်ရွက်ခြင်းလုပ်ငန်းများ အခြေအနေကိုလည်းကောင်း၊ လမ်းအထူးအဖွဲ့(၁၄)က တာဝန်ယူ ဆောင်ရွက်သည့် မိုင်တိုင်အမှတ်(၁၃၂/၀မှ၁၅၃/၀)အတွင်း တာပေါင်ချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း ဖြတ်သန်း

ဆွမ်ပီယန်သံပေါင်တံတား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ဆွမ်ပီယန်ကျေးရွာရှိ ဆွမ်ပီယန် ဘေလီနှစ်ထပ် သံပေါင်တံတား၏ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

လိုက်ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ယင်းနောက် ပူတာအိုခရိုင် အင်ဂျင်နီယာမှူးက ပူတာအိုခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်သည့် မိုင်တိုင်အမှတ်(၁၈၄/၀ မှ၂၀၃/၅ အထိ) လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ သံပေါင်တံတား၏ ကြံ့ခိုင်မှု အခြေအနေများကိုလည်းကောင်း၊ ပူတာအိုခရိုင်အဖွဲ့၏ မိုင်တိုင်အမှတ် (၁၈၄/၄)၌ စက်ယန္တရားကြီးများဖြင့် တာပေါင်ချဲ့ခြင်း၊ မြေသား သိပ်သည်းမှုရှိအောင် ဆောင်ရွက်ခြင်းနှင့် မြေညှိခြင်းလုပ်ငန်းများဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း ကြည့်ရှုစစ်ဆေးကာ ဆွမ်ပရာဘွမ်မြို့သို့ ရောက်ရှိသည်။

တွေ့ဆုံ

ညနေပိုင်းတွင် ဗိုလ်ချုပ်အုန်းမြင့်သည် ဆွမ်ပရာဘွမ်မြို့ ဧည့်ရိပ်သာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်းအတွင်း ဒေသခံပြည်သူများနှင့်တွေ့ဆုံ

စက်ရုံများနှင့် ဝင်းသူဇာအရောင်းဆိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ဖေဖော်ဝါရီ ၂၁ရက် နံနက်ပိုင်းက မန္တလေးတိုင်း အမရပူရမြို့နယ် ရေကြည်ပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ထနောင်၊ လိပ်ဆံခွန်၊ စားတော်၊ မြစ်တူး၊ ချင်းရွာ၊ ဆင်ရွာမြင်းမူ၊ ကမ္ဘဲ့၊ ရေကြည်ပေါက်၊ သူငယ်တော်၊ ဥယျာဉ်တော်၊ မြစ်ငယ်၊ စာတိုးမြို့ပြင်ကြီး၊ မြစ်လောင်းနှင့် ဓနုံးကျေးရွာများမှ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီးသည် ပလိပ်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံသို့ ရောက်ရှိ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဝန်ကြီးဦးအောင်သောင်းသည် မန္တလေး စက်မှုဇုန်ရှိ ပါဝါဓာတ်ခဲထုတ်လုပ်ရေးအလုပ်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ ရွှေမန်းရုံ၊ အဆင့်မြင့် ဈေးချိုပလာဇာ၊ ဈေးချိုတော်နှင့် ဈေးချိုဝင်းသူဇာ အရောင်းဆိုင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဝန်ကြီး ဦးအောင်သောင်းသည် ဖေဖော်ဝါရီ၂၂ရက်နံနက်ပိုင်းက မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်စက်ရုံ(မြစ်သား)၌ ဝါဖန်စက်၊ ဝါလိပ်စက်၊ ဗိုင်းတောင့်စက်၊ဗိုင်းလိပ်စက်၊ဘီးဖီးစက်၊ တည၁င်းလုံးစက်များ၏ စက်များတပ်ဆင်ပြီး စမ်းသပ်လည်ပတ်ထုတ်လုပ်မှု အခြေအနေများ၊ ချည်ငင်စက်၊ ချည်ကတော့စက်နှင့် ဘေထုတ်စက်များ၏စက်များကြံ့ခိုင်မှု၊ စမ်းသပ်လည်ပတ်ထုတ်လုပ်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ သတ်မှတ်ရက်အတွင်း စက်ရုံဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဖွင့်လှစ်ရောင်းချ

ထိုမှတစ်ဆင့် ဝန်ကြီး ဦးအောင်သောင်းသည် ကူမဲမြို့ ငွေချည်(၆)ချည်မျှင်ရှည်ဝါ အဝယ်ဒိုင်သို့ရောက်ရှိပြီး ဝါတောင်သူများလာရောက်ရောင်းချမှု၊ ဝါဝယ်ယူမှုအခြေအနေနှင့်ဝါတောင်သူများလွယ်လင့်တကူ ဝယ်ယူနိုင်အောင် ဖွင့်လှစ်ရောင်းချလျက်ရှိသော ဝင်းသူဇာအရောင်းဆိုင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီး

ဆက်လက်၍ ဝန်ကြီးသည် ဝမ်းတွင်းမြို့နယ် ရွာရှည်ကျေးရွာ၌ ဘုရားဖြူကျေးရွာအုပ်စု၊ ရွှေတောင်ကျေးရွာအုပ်စု၊ ဘုရားစုကျေးရွာအုပ်စုများမှ ကျေးလက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့တက်ရောက်ပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီး ဦးအောင်သောင်းသည် ပျော်ဘွယ်မြို့နယ် ဘတ္တကျေးရွာ၌ ဘတ္တ၊ မင်းလမ်း၊ မိုးနံကုန်း၊ ကန်သာကျေးရွာအုပ်စုနှင့် အုန်းပင်ကျေးရွာအုပ်စုတို့မှ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့တက်ရောက်ပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေစက်ရုံဆောင်ရွက်

သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့နေပြည်သူများသန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ဧရာဝတီမြစ်မှ မြစ်ရေတင်၍ ရေပေးဝေရေးဆောင်ရွက်လျက်ရှိသော ရေစက်ရုံကို ဖေဖော်ဝါရီ ၅ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင် ကွင်းဆင်း စစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးကျော်လွင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဖျာပုံမြို့နယ် အောင်သာယာကျေးရွာ အမကကျောင်းဆောင်သစ်

ဟိုတယ်/ခရီးဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်သည် ဖေဖော်ဝါရီ ၂၂ရက် နံနက်ပိုင်းက ဖျာပုံမြို့နယ် အောင်သာယာ(အချာကြီး)ကျေးရွာ၌ ကျင်းပသော အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ကျောင်းဆောင်သစ်အလှူရှင် ရန်ကုန်မြို့နေ ဦးမင်းဇေယျာလှိုင်နှင့်ဇနီး ဒေါ်နွေနှောင်းခင်မောင်သန်းတို့နှင့်အတူ ကျောင်းဆောင်သစ်အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဂုဏ်ပြုလွှာပေးအပ်

ဆက်လက်၍ အလှူရှင် ဦးမင်းဇေယျာလှိုင်နှင့် မိသားစုဝင်ဒေါ်ဟေမာတို့က ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံပေးအပ်ပြီး ဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးက စာသင်ကျောင်းအတွက် ငွေပဒေသာပင် ငွေကျပ်၁၀သိန်း မတည်လှူဒါန်းသော အလှူရှင် ဒေါ်ဟေမာနှင့် ကျောင်းမျက်နှာကြက်၊ စာသင်ခုံ၊အိမ်သာနှင့် ရေတုံကင်ပြုလုပ်လှူဒါန်းသော ပြည့်ဖြိုးကျော်ကုမ္ပဏီကိုယ်စား ဒေါက်တာအောင်ဌေးလင်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်မိသားစုနှင့် ပြည့်ဖြိုးကျော်ကုမ္ပဏီတို့က ကျောင်းသားကျောင်းသူများအတွက် လွယ်အိတ်နှင့် စာရေးကိရိယာများ၊ ဆရာ ဆရာမများအတွက် ဝတ်စုံစရိတ်များကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးနှင့် ကျောင်းအုပ်ကြီးတို့က လက်ခံကြပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး၊အလှူရှင်များနှင့် တာဝန်ရှိသူများသည် ကျောင်းရှိရေတုံကင်မှရေသွယ်စနစ်ကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို အလှူရှင်မိသားစုက ငွေကျပ်သိန်း ၂၀၀ အကုန်အကျခံလှူဒါန်းကာ ပြည့်ဖြိုးကျော်ကုမ္ပဏီက ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကချင်ပြည်နယ် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းတွင် ၂၁၈ မိုင် တာပေါင်ချဲ့ခြင်း ဆောင်ရွက်

ချည်မျှင်စက်ရုံ(မြစ်သား)၌ ဝါဖန်စက်၊ ဝါလိပ်စက်၊ ဗိုင်းတောင့်စက်၊ ဗိုင်းလိပ်စက်၊ ဘီးဖီးစက် စမ်းသပ်လည်ပတ် ထုတ်လုပ်နေ

26-2 (05).pmd 1 2/26/2009, 2:12 AM

■ *ရှေ့ဖုံးမှ*

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊တိုင်းနှင့် ခရိုင်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်မြို့ ကလေးဝတောရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ဖတ်ကြားလျှောက်ထား

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင် ကျင်းပကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးအထမြောက်ကြောင်း ကြေညာတော်မူသည်။

ထို့နောက် သဘာပတိ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။

(သဘာပတိဆရာတော်၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ **(ဝန်ကြီး၏ သာသနာရေးဆိုင်ရာ လျှောက်ထားလွှာကို သီးခြား ဖော်ပြထားပါသည်။)**

တင်သွင်းလျှောက်ထား

ဆက်လက်၍ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာကာလ အတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဇောတိကာဘိဝံသက တင်သွင်းလျှောက်ထားသည်။

ထို့နောက် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ) ၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို အဖွဲ့ဝင် ဆရာတော်များက ကဏ္ဍအလိုက်တင်သွင်း လျှောက်ထားကြပြီး နံနက်ပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။

ဆွေးနွေးဆုံးဖြတ်

မွန်းလွဲ ၁နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာ ကိစ္စရပ်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော်ကြီးများက တင်ပြဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး ပထမနေ့ အစည်းအဝေးကို ရပ်နားလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပါရမီရိပ်သာနေ အလှူရှင် ဒေါ်မြင့်မြင့်သိန်း၊ဒေါ်ခင်ဝင်းမြင့်နှင့် ညီအစ်မ မိသားစုတို့က နိုင်ငံတော်သံဃမဟာနာယက ဆွမ်းစားဆောင်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၆–၂–၂၀၀၉ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အဆိုပြိုင်ပွဲ
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ **မျှော်သူမမောစေချင်** စိုးသီဟ၊ ဆုပန်ထွာ၊ နန်းကလျာလှိုင် (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၈:၁၅ ၇။ အကပဒေသာ
၈:၃၀ ၈။ International News
၈:၄၀ ၉။ အတီးပြိုင်ပွဲ
၈:၅၀ ၁၀။ တေးဂီတအစီအစဉ်
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၁၅ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄:၂၅ ၄။ **စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ (မြိုင်)**
၄:၃၅ ၅။ တေးဂီတအစီအစဉ်
၄:၄၅ ၆။ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဓာတုဗေဒဘာသာရပ်)
၅:၁၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၂၀ ၈။ **မေတ္တာရေအမြင့် တင့်လေသည့်ရွှေကြာ** ထွန်းထွန်း(Examplez)၊ မြတ်ကေသီအောင်၊ စိုးပြည့်သဇင် ဒါရိုက်တာ–အောင်မိုး(ပဲရစ်)
၅:၃၀ ၉။ ဂီတသံစဉ်အလှဆင်
၅:၄၅ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ ပျော်ရွှင်စေသောနေ့ရက်များ **လက်ဖဝါးမှာစာရေးပါ** (အပိုင်း–၂)(ဇာတ်သိမ်း) ဇော်ဇော်အောင်၊ စိုးရန်အောင်၊ ရဲမွန်၊ သဒ္ဒါထက်၊ တက္ကသိုလ်ငွမ်းပုံ (ဒါရိုက်တာ–အောင်ကျော်သူရ)
၇:၅၀ ၁၄။ ထူးဆန်းထွေလာများကို သိပွဲ ဖြင့်ချဉ်းကပ်ခြင်း
၇:၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မုန်တိုင်း** (အပိုင်း–၅၅)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ**(အပိုင်း–၃)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြူနိုးဝေဝေချစ်သက်တည်** (အပိုင်း–၂)
၂၁။ အစီအစဉ်ပြီး၏။

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တမအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများကို အောင်မြင်ပြီးမြောက်အောင် စွမ်းစွမ်းတမံအားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည်ကိုတွေ့ရှိရ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တမအစည်းအဝေး၌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၏ သာသနာရေးဆိုင်ရာ လျှောက်ထားလွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ကျေးဇူးတော်ရှင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော် အရှင်သူမြတ်ကြီးများဘုရား–

သာသနာတော်မြတ်ကြီး သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးအတွက် ကောင်းစွာရေးရှု ဂရုပြုကာ သမ္မာဆန္ဒ အပြည့်အဝဖြင့် ဆဋ္ဌအကြိမ်နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တမအစည်းအဝေးသို့ အညီအညွတ် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ဘုရားကြီးများကို စုံစုံညီညီ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ ဖူးမြော်ကြည်ညိုရပါသဖြင့် အတိုင်းမသိ ပီတိဝေဖြာ ကြည်သာရွှင်ပြုံး စိတ်နှလုံးချမ်းမြေ့ရပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါသည်ဘုရား။

သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်သည် တပည့်သားသာဝက ရှင်ရဟန်းတို့အား မလွဲကေန် ထမ်းဆောင်ရမည့် သာသနာ့တာဝန်များကို ပေးအပ်တော်မူခဲ့ရာ ယင်းတို့မှာ–

–စာပေကျမ်းဂန် သင်အံပို့ချ ဟောပြောဆောင်ရွက်ခြင်းဟူသော ဂန္ထဓုရတာဝန်၊

–သမထ၊ ဝိပဿနာ တရားဘာဝနာ ပွားများအားထုတ်မှု၊ သင်ကြားပြသမှုဟူသော ဝိပဿနာဓုရတာဝန်တို့ ဖြစ်ပါသည်ဘုရား။

သုပ္ပဋိပန် အကျင့်မှန်သည့် ဘုရားသားတော် ရှင်ရဟန်းမှန်သမျှသည် ဂန္ထဝိပဿနာနှစ်ဖြာ ဓုရကို ထမ်းဆောင်ကြရာတွင် ကိုယ်တိုင်လည်း သင်ယူကျင့်ကြံ၊ တပည့်ရှင်ရဟန်းတို့ကိုလည်း နည်းပေးသင်ပြ ဆိုဆုံးမပေးကြရပါသည်ဘုရား။ ဒကာ ဒကာမများကိုလည်း ကုသိုလ်တရား ပွားများဆည်းပူးနိုင်ကြစေရန် လယ်ယာမြေကောင်းသဖွယ် ကုသိုလ်မျိုးစေ့စိုက်ပျိုးကြဲချစေရေး အားပေးဆုံးမ နည်းပြသွန်သင် ပေးကြရပါသည်ဘုရား။

သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားထွန်းကားစေရေးအတွက် သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံးလျက် သံဃာအချင်းချင်းကြီးကြပ်ထိန်းသိမ်းသွားရန်၊ သံဃာတော်များသည် ဓုရနှစ်ပါးကို ကိုယ်စီချမ်းသာစွာ ထမ်းဆောင်လျက် သာသနာတော်သုံးရပ်အတွက် အလေးထားဆောင်ရွက်နိုင်ကြစေရန်၊ သံဃာညီညွတ်မှုကို ရှေးရှုဆောင်ရွက်ကြစေရန် စသော ရည်ရွယ်ချက်များကို အခြေခံလျက် ၁၉၈၀ပြည့်နှစ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးကို ဖွဲ့စည်းတည်ထောင်ကာ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းကိုလည်း အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ပါသည်ဘုရား။

ဆွေးနွေးဆုံးဖြတ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးလုပ်ငန်းရပ်များကို အောင်မြင်ပြီးမြောက် ခရီးရောက်အောင် စွမ်းစွမ်းတမံ အားထုတ်ကြိုးစား ဆောင်ရွက်ကြကြောင်း တွေ့ရှိရပါသဖြင့် သာသနာတော်ကြီးအတွက် အားတက်ပိုမို ကြည်ညိုရပါသည်ဘုရား၊ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ ကိစ္စရပ်များကို တတ်သိလိမ္မာ ကျွမ်းကျင်စေရန် ဆည်းပူးလေ့လာခြင်း၊ ညှိနှိုင်းဆွေးနွေး အဖြေရှာခြင်း၊ ပင်ပန်းနွမ်းနယ်မှုကို ပမာဏမထား၊ သက်တော်ရွယ်တော်ကို ငဲ့ကွက်ခြင်း ပြုတော်မမူကြဘဲ လုံ့လကြိုးကုတ် အားထုတ်ဆောင်ရွက်တော်မူခြင်း၊ အကြောင်းဥပါယ် အသွယ်သွယ်ကို စူးစမ်းနှိုင်းဆ ချင့်ချိန်နိုင်ခြင်း၊ စီမံဆောင်ရွက်နိုင်စွမ်းရှိခြင်း၊ သာသနာ့လုပ်ငန်းရပ်များကို စွမ်းဆောင်ကြရာတွင် အဂတိတရား ကင်းစင်စွာ အောင်မြင်ချောမွေ့အောင် ကြိုးကြိုးစားစား ထမ်းဆောင်ကြခြင်း၊ အရည်အချင်းကောင်းများ တိုးပွားရရှိအောင် ဆည်းပူးလေ့ကျင့် အားထုတ်တော်မူကြခြင်း စသည်တို့ကို သတိရှိရှိ၊ သမာဓိမြဲမြဲ၊ မှန်မှန်စည်းဝေး၊ ဆွေးနွေးဆုံးဖြတ် အကျင့်မြတ်များကြောင့် လေးစားကော်ရော် ပူဇော်ရပါသည်ဘုရား။

ဣတိဝုတ်ပါဠိတော် သံဃသာမဂ္ဂီသုတ်တွင် သံဃာညီညွတ်ခြင်းသည် လူနတ်တို့ အကျိုးစီးပွားဖြစ်ထွန်းရန်၊ ချမ်းသာကြီးပွားရန်ဖြစ်ကြောင်း၊ သံဃာတော်တို့ ညီညွတ်မျှတကြသော် အချင်းချင်းငြင်းခုံခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရှုတ်ချခြင်း၊ မလိုမုန်းထားခြင်း မဖြစ်ကြမူ၍ အေးငြိမ်းချမ်းသာစွာ သာသနာ့အရေးမျှော်တွေး ဆောင်ရွက်ကြသဖြင့် မကြည်ညိုကြသေးသူတို့လည်း ကြည်ညိုလာနိုင်ကြပြီး၊ ကြည်ညိုပြီးသူ တို့သည်လည်း တိုးတက်၍သာ ကြည်ညိုသဒ္ဓါတိုးပွားလာနိုင်ကြောင်း မြတ်စွာဘုရားရှင်က ဟောမိန့်ညွှန်ပြထားသည်ကို မှတ်သားသိရှိရပါသည်ဘုရား။

သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ–ဟူသော ဒေသနာတော်အရ သံဃာတော်၏ စုပေါင်းစည်းဝေးခြင်း၊ စုပေါင်းညှိနှိုင်းခြင်းစသည် ညီညွတ်စွာအားထုတ်ခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်ပါသည်ဘုရား။ ရဟန်းတော်များသည် အဖန်ဖန်အထပ်ထပ်စည်းဝေးတိုင်ပင်ညှိနှိုင်းကြပါလျှင် အချင်းချင်း တစ်ပါးနှင့်တစ်ပါး ယုံမှားသံသယကင်းတော်မူကြ၍ စိတ်တူကိုယ်မျှဆောင်ရွက်နိုင်ကြသဖြင့် သာသနာတော်ကြီးသည် စည်ပင်တိုးတက်လာမည်မှာ အမှန်ပင်ဖြစ်ပါသည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် အင်္ဂုတ္တရနိကာယ်လာ အပရိဟာနိယတရားနှင့်အညီ လေးလလျှင် တစ်ကြိမ် (၄၇)ပါးစုံညီပုံမှန်အစည်းအဝေးကြီးများ ကျင်းပ၍ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာလုပ်ငန်းရပ်များကို ညှိနှိုင်းဆွေးနွေးဆုံးဖြတ်တော်မူကြသဖြင့် သာသနာတော်အတွက် အားတက်ဖွယ်ရာဖြစ်ပါ၍ ဝမ်းမြောက်နမော် သာဓုခေါ်ဆိုရပါသည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများဘုရား

ဝိနယော နာမ သာသနဿ အာယု–ဟူသော ဒေသနာတော်အရ ဘုရားရှင်ပညတ်တော်မူသော သာသနာတော်၏ အသက်သဖွယ်ဖြစ်သည့် ဝိနည်းသိက္ခာပုဒ်အဆုံးအမတော် အရပ်ရပ်တို့ကို ရှင်ရဟန်းအသီးသီးတို့သည် ရိုသေလေးစားတန်ဖိုးထားလျက် လိုက်နာကျင့်ကြံကြရမည်သာ ဖြစ်ပါသည်ဘုရား။ မြန်မာနိုင်ငံတော်ကြီးတွင် ရဟန်းသာမဏေပေါင်း ငါးသိန်းကျော်ရှိရာ အနည်းငယ်မျှသော ရှင်ရဟန်းတို့၏ သာမဏာသာရုပ္ပမဖြစ်သော ပြုမူကျင့်ကြံမှုတို့ကြောင့် သာသနာတော်ဂုဏ်ရှိန်ကို ထိခိုက်စေနိုင်ပါသည်ဘုရား။ ရှင်ငယ်ရဟန်းငယ်အချို့၏ ထိုသို့သောအပြုအမူသည် ဆရာသမားများနှင့် သံဃာ့မထေရ်ကြီးများ၏ သွန်သင်ဆုံးမမှုကို မခံရသူများအဖြစ်သို့ရောက်ရှိစေပြီး ရဟန်းသာမဏေအတုအယောင်တို့နှင့် မခြား ရောပြွမ်းထင်မှတ်ခံရမည်ဖြစ်ပါသည်ဘုရား။ ထိုအပြုအမူများကြောင့် ရတနာသုံးပါးကို လေးစားကြည်ညိုသူတို့၏စိတ်သန္တာန်တွင် အရိုအသေအလေးအမြတ်ပြုလိုမှုယုတ်လျော့လာနိုင်ပြီး ကဲ့ရဲ့ဖွယ်၊ အပြစ်တင်ဖွယ်ဖြစ်၍ အကုသိုလ်တရားများများပြားလာနိုင်သည့်အပြင် သာသနာတော်ဆုတ်ယုတ်ခြင်း၏ အကြောင်းတစ်ရပ်ပင်ဖြစ်ပါသည်ဘုရား။

လျှောက်ထား

ထို့ကြောင့်ပင်လျှင် ပရိယတ္တိစာသင်တိုက်များမှ ပဓာနနာယကဆရာတော်ကြီးများ၊ တိုက်အုပ် တိုက်ကြပ်စာချဆရာတော်များ၊ ပဋိပတ္တိနည်းပြ သာသနာ့ရိပ်သာကျောင်းနာယကဆရာတော်များအပါအဝင် ရပ်၊ ကျေး၊ မြို့နယ်၊ ပြည်နယ်၊ တိုင်းသံဃနာယကအဖွဲ့စသည့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် မိမိတို့ဒေသနယ်ပယ်အတွင်းရှိ ကျောင်းတိုက်များမှ ရဟန်းသာမဏေများအား ဝိနည်းကျင့်ဝတ်ညွှန်ကြားချက်၊ စည်းကမ်းဥပဒေများနှင့်အညီ သီတင်းသုံးနေထိုင်ရေး၊ ရှုပ်ထွေးလှသော လောကီလူမှုကိစ္စများ၌ ပါဝင်ပတ်သက်စွက်ဖက်မှုမရှိရေး၊ သံဃာ့ဂုဏ်အင်နှင့်လျော်စွာ ဒကာ ဒကာမများကိုလည်း ပစ္စုပ္ပန် သံသရာ နှစ်ဖြာကောင်းကျိုးပွားတိုးစေရေးအတွက် လမ်းညွှန်ဆုံးမညွှန်ပြပေးရေး၊ သာသနာရေးရာ ကိစ္စရပ်များဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ တရားနှင့်အညီ ထောက်ပံ့ ပေးသော အာဏာစက်အကူအညီကိုရယူနိုင်ရေး၊ တစ်ပြည်လုံးရှိ ရဟန်းသာမဏေအားလုံးတို့သည် ဓမ္မဝိနယနှင့်အညီ စည်းကမ်းရှိရှိ စည်းလုံးညီညွတ်ကြရေးစသည်တို့ကို ယခုထက်ပိုမို၍ စွမ်းအားမြှင့်ထမ်းဆောင်ကြရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးက အခြေအနေအချိန်အခါအားလျော်စွာ လမ်းညွှန်ဩဝါဒပေးတော်မူပါရန် ရိုသေလေးမြတ်စွာ တောင်းပန်လျှောက်ထားအပ်ပါသည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဦးဆောင်မှုဖြင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် သာသနာတော်သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးလုပ်ငန်းရပ်များကို အားသစ်ထပ်လောင်းစုပေါင်းကြိုးကုတ် အားထုတ်ဆောင်ရွက်ကြသည့်နည်းတူ နိုင်ငံတော်အစိုးရအမှူးရှိသော ဒါယကာ ဒါယိကာမ များလုပြည်သူ ဗိုလ်လူအပေါင်း သူတော်ကောင်းတို့သည် ဓမ္မာပစ္စယ နုဂ္ဂဟနှစ်ဖြာမြတ်ဝန်တာကို သဒ္ဓါပြည့်လျှမ်းလှူဒါန်းပူဇော်ကြမည်သာ ဖြစ်ပါသည်ဘုရား။ သာသနာတော်မြတ်ကြီးအတွက် ပုဗ္ဗမုဋ္ဌ အပရစေတနာ စေတနာသုံးတန်ပြဋ္ဌာန်းလျက် ထိပ်ခေါင်ထွတ်တင် ဆရာသခင်တို့၏ ဩဝါဒများနှင့်အညီ ဆရာဒကာ ညီညာလက်ဆင့် ကျွန်းနှင့်ကိုင်းမှီ ရှေ့သွားညီအောင် ကြိုးပမ်းဆောင်ရွက်ကြမည်သာဖြစ်ပါကြောင်းလျှောက်ထားရင်း ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ ဘုရား။ ။

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၂၆–၂–၂၀၀၉ (ကြာသပတေးနေ့)

AM & PM

၇:၀၀–၁:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅–၁:၀၅ **"မဟာသရဏဂုံ"** တရားတော် (ဘဒ္ဒန္တဝေပုလ္လ ဆရာတော်)
၈:၀၀–၂:၀၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက်ဖေးကူ မွေးမြူတို့အတူ (ငါးမျိုးဗီဇ မြှင့်တင်ရေးလုပ်ငန်း)
၈:၂၀–၂:၂၀ အနုပညာမိုးကောင်းကင်
၈:၄၅–၂:၄၅ မနေ့အမြန် ရွှေသင်္ချိုင်းကုသိုလ် လှူကြရန်
၉:၀၀–၃:၀၀ Activities in the City (မြန်မာစာရေးဆရာများ၏ စာစုစာရင်းစာအုပ်ထုတ်ဝေခြင်း အထိမ်းအမှတ်)
၉:၁၅–၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
၉:၂၅–၃:၂၅ ဟန်ကျတဲ့စံပြစိုက်ပျိုးရေး အထူးဇုန်
၉:၃၅–၃:၃၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
၉:၅၅–၃:၅၅ တေးဂီတအစီအစဉ်
၁၀:၀၀–၄:၀၀ ပြည်သူ့အတွက် ကျန်းမာရေး (မီးလောင်ခံရသူအား ရှေးဦးသူနာပြုစုနည်း) (ဒေါက်တာ ခင်နှင်းဦး)
၁၀:၀၅–၄:၀၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀–၄:၁၀ Yangon Panorama (Healthy Shop (Paris) (၂)နှစ်ပြည့်အခမ်းအနား)
၁၀:၃၀–၄:၃၀ မိုးလေဝသခန့်မှန်းချက်
၁၀:၃၅–၄:၃၅ လေ့လာဆည်းပူးသင်ယူချင်စရာ RV Centre မှာ (အပိုင်း–၁)
၁၁:၀၅–၅:၀၅ တေးဂီတအစီအစဉ်
၁၁:၁၀–၅:၁၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀–၅:၂၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဖွေးဖွေးနှင့် တွေ့ဆုံခြင်း)
၁၁:၅၀–၅:၅၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၅–၅:၅၅ ဂီတသံစဉ်အလှဆင် (မေဆွိ)
၁၂:၁၅–၆:၁၅ အဆုံးအဖြတ် ခန့်စည်သူ၊ အေးမြတ်သူ၊ ငှက်ပျောကြော်၊ မျိုးမျိုးခိုင်၊ ကျောင်ဝှက်၊ သိန်းဇံ (ဒါရိုက်တာ–ဖုန်းမြင့်အောင်)
၁၂:၃၀–၆:၃၀ Cartoon Show Time (Ice Age)
၁:၀၀–၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား အတင်းအကျပ် တပ်သားအဖြစ် စုဆောင်းခြင်းမပြုရန်

ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရေး ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိ

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ အဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ အဋ္ဌမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ ကော်မတီဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်နှင့် တပ်မတော်အရာရှိကြီးများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့်အစည်းအဝေးသည် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ၏ အဋ္ဌမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း။

အကောင်အထည်ဖော်

ကော်မတီကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် စတင်ဖွဲ့စည်းပေးခဲ့ပြီး ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ယခုနောက်ဆုံးအခြေအနေနှင့် ကိုက်ညီသည့် ကော်မတီကို အသစ်ပြင်ဆင် ဖွဲ့စည်းပေးခဲ့ကြောင်း၊ ကော်မတီ၏ သက်တမ်းငါးနှစ်တာကာလအတွင်း ညှိနှိုင်း အစည်းအဝေး ခုနစ်ကြိမ်ပြုလုပ်ခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့ကော်မတီအနေဖြင့် **"အရွယ်မရောက်သေးသူ ကလေးသူငယ်များအား အတင်းအကျပ် တပ်သားအဖြစ် စုဆောင်းခြင်းမပြုရန်၊ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့် ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် ထုတ်ပြန်ထားသော အမိန့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရန်"** ဆိုသည့် ရည်ရွယ်ချက် (၃)ရပ်နှင့်အညီ ကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ၏ သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ဆောင်ရွက်ရန် ဆုံးဖြတ်ချက် (၆)ရပ် ချမှတ်ခဲ့ပြီး ဆုံးဖြတ်ချက်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

ကျယ်ကျယ်ပြန့်ပြန့်

မိမိတို့နိုင်ငံတွင် ကလေးသူငယ်များ၏ လွတ်လပ်မှုကို ကာကွယ်တားဆီး ထိန်းသိမ်းနိုင်သော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များရှိပြီးဖြစ်သကဲ့သို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးသည့် ဥပဒေနှင့်အမိန့်များလည်းရှိပြီးဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် စစ်သားစုဆောင်းရေးဆိုင်ရာ လက်ကမ်းကြော်ငြာ၊ နံရံကပ်ပိုစတာများကိုလည်း ကျေးလက်ဒေသအထိ ရောက်ရှိအောင်ဖြန့်ဝေပေးလျက်ရှိပြီး မြေစိုက်ပိုစတာကြီးများကိုပါ မြို့ကြီးများတွင် စိုက်ထူကြော်ငြာထားပြီဖြစ်ကြောင်း၊ ထို့ပြင် ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှကာကွယ်ရန် စစ်သည်များလိုက်နာဆောင်ရွက်ရန် အချက်များ ပါဝင်သည့် တပ်မတော်သားများအတွက် အိတ်ဆောင်ကတ်ပြားများကို ထုတ်ဝေပေးထားပြီဖြစ်ကြောင်း။

မိမိတို့ ကော်မတီအနေဖြင့် ကုလသမဂ္ဂလက်အောက်ခံ UNICEF အပါအဝင် မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်နေကြသော နိုင်ငံခြားသံအမတ်ကြီးများနှင့် စစ်သံမှူးများအား ရန်ကုန်နှင့် မန္တလေးမြို့များရှိ စစ်သားစုဆောင်းရေးတပ်များနှင့် စစ်အခြေခံလေ့ကျင့်ရေးတပ်များသို့ သွားရောက်လေ့လာစေခဲ့ကြောင်း၊ အဆိုပါတပ်များတွင် စုဆောင်းရရှိ ထားရှိသော တပ်သားသစ်လောင်းများနှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းနိုင်ရန် စုစုပေါင်း ခုနစ်ကြိမ် စီစဉ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

သင်တန်းပို့ချ

ထို့အပြင် မိမိတို့ကော်မတီနှင့် လူမှုဝန်ထမ်းဦးစီးဌာန၊ ယူနီဆက်ဖ်တို့ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ်အဖြစ် ရန်ကုန်မြို့ရှိ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း (ကျိုက်ဝိုင်း)၌ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကြိုတင်ကာကွယ်တားဆီးထိန်းသိမ်းရေး အသိပညာပေးသင်တန်းများကို ၂၀၀၈ ခုနှစ်အတွင်း နှစ်ကြိမ်ဖွင့်လှစ်နိုင်ခဲ့ပြီး ကော်မတီအနေဖြင့် ၂၀၀၇ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ စုစုပေါင်း သင်တန်း ခုနစ်ကြိမ် ဖွင့်လှစ်နိုင်ခဲ့ကာ တပ်မတော်လေ့ကျင့်ရေးသင်တန်းကျောင်းများနှင့် စစ်သားစုဆောင်းရေးတပ်များမှ အရာရှိ/စစ်သည်များ၊ လူမှုဝန်ထမ်း ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ သင်တန်းသား စုစုပေါင်း ၂၅၁ဦး တက်ရောက်စေနိုင်ခဲ့ကြောင်း၊ ထို့အပြင် တိုင်းစစ်ဌာနချုပ်များအလိုက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး အသိပညာပေး(ဆင့်ပွား)သင်တန်းကို ၂၀၀၈ ခုနှစ်အတွင်း (၂၅)ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား အရာရှိ၊ စစ်သည် စုစုပေါင်း ၁၃၀၈ ဦးကို သင်တန်းပို့ချပေးနိုင်ခဲ့ကြောင်း။

တိတိကျကျလိုက်နာ

ဆက်လက်၍လည်း အောက်ခြေအဖွဲ့အစည်းများက တိတိကျကျ လိုက်နာဆောင်ရွက်ရေးကို ကြီးကြပ်ကွပ်ကဲမှုများဖြင့် နည်းလမ်းတကျ ဆောင်ရွက်ပေးသွားကြရန်နှင့် ကော်မတီဝင်များအနေဖြင့် မိမိတို့၏ ဆောင်ရွက်ချက်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့်အစီအမံများကို ဆွေးနွေးပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကော်မတီတွဲဖက်အတွင်းရေးမှူးက သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးမှ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး အတွင်းရေးမှူးနှင့် ကော်မတီဝင်များက ကလေးသူငယ်များ၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေ၊ စည်းမျဉ်း၊စည်းကမ်းနှင့်အညီ ညွှန်ကြားစစ်ဆေးစီမံဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၀၉ ခုနှစ် (၆၄) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၇)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၆ နာရီတွင် နေပြည်တော်ရှိ အမှတ်(၇) တည်းခိုရေးစခန်း(ရွာတော်)၌ ကျင်းပရာ စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေး ဦးစီး ကော်မတီ ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တပ်မတော်နေ့ ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း၊ တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြမည့် ဗိုလ်မှူးချုပ်ထွန်းနေလင်း၊ စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေး ကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ စစ်တီးဝိုင်းပြိုင်ပွဲ အမှတ်ပေး အကဲဖြတ်အဖွဲ့ဝင်များ၊ တပ်မတော် (ကြည်း၊ရေ၊လေ)မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲတွင် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)၊ အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းနှင့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၃)တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ထိုသို့ ယှဉ်ပြိုင်ရာတွင် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်းက မြန်မာတို့ရဲ့ တပ်မတော်နှင့် တူယှဉ်ကာတိုက်စို့ စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်းက တူယှဉ်ကာတိုက်စို့၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်နှင့် မျိုးချစ်ဇာနည်စစ်ချီသီချင်းများဖြင့် လည်းကောင်း၊ အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်းက ဘာမထီ အာဇာနည်၊ ရဲသွေးရဲမာန်နှင့် ပြည်သူ့သားကောင်းစစ်ချီသီချင်းများဖြင့် လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)က တပ်မတော်၊ ပြည်သူ့သားကောင်းနှင့် မျိုးမြန်မာ ပြည်ရွာ စစ်ချီ သီချင်းများဖြင့် လည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)က အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ စံပြဒို့တပ်မတော်နှင့် ပြည်သူ့သားကောင်းစစ်ချီသီချင်းများဖြင့် လည်းကောင်း၊ အမှတ်(၉၉) ခြေမြန်တပ်မ ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက မြင့်မြတ်တဲ့ တပ်မတော်၊ စွန့်ဝံ့သူသာ အောင်ကြောင်းဖြာ၊ ဒို့ဗမာ့တပ်မတော်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ် စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၃)က ဘာမထီ အာဇာနည်နှင့် ပြည်သူ့သားကောင်း ဒို့စစ်သည် စစ်ချီသီချင်းများဖြင့် လည်းကောင်း အသီးသီးပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ရက်သတ္တပတ် မူခင်းကင်းမဲ့ရေးနှင့် မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးကိုယ်စား ခရိုင်ရဲမှူး(ဦးစီး) ရဲမှူးစိန်ထွန်း ဟောပြောဆွေးနွေးစဉ်။ (၁၂၈)

မီးအန္တရာယ်
အစဉ်သတိပြုကာကွယ်

ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားများ မိသားစုသဖွယ်ပေါင်းစည်းယှက်နွယ်နေထိုင်လျက်ရှိ သံယောဇဉ်ရှိမှု၊ နားလည်ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု စသည့် ချစ်ကြည်ရင်းနှီးမှုများအပေါ် အခြေခံ

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ရခိုင်ပြည်နယ် သံတွဲခရိုင်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံများဆောက်လုပ်ရန်နှင့် စာကြည့်တိုက်ငွေပဒေသာပင်အတွက် အလှူငွေများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ စာအုပ်စာစောင်များ၊ ရုပ်မြင်သံကြားဖမ်းစက်များ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၂ရက် နံနက် ၉နာရီခွဲတွင် သံတွဲမြို့ ဒွါရာဝတီခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ မြို့ပေါ်ရပ်ကွက် ခုနစ်ခုတို့မှ ပြည်သူများ၊ အံတော်၊ ပတဲကော၊ တလင်းဆိပ်၊ ရွှေလှော်၊ လင်းမူးတောင် စသည့် ကျေးရွာများမှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသော သံတွဲခရိုင်အတွင်းရှိ မြို့နယ် သုံးမြို့နယ်မှ စာကြည့်တိုက်တစ်ခုလျှင် တန်ဖိုးငွေကျပ်သိန်း ၃၀နှုန်းဖြင့် ငွေကျပ်သိန်း ၉၀၊ စံပြကျေးရွာစာကြည့်တိုက် သုံးခုအတွက် စာအုပ်စာစောင် ၁၅၀၀နှင့် သံတွဲခရိုင်အတွင်းရှိ ကျေးရွာပေါင်း ၁၀၀သို့ နေ့စဉ်ထုတ်သတင်းစာများ လှူဒါန်းရန်အတွက် ငွေကျပ် ၅၄၀၀၀၀တို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးကျော်ဆန်းက ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသည့် သံတွဲခရိုင်အတွင်းရှိ ကျေးရွာစံပြစာကြည့်တိုက်သုံးခုအတွက် ပရိဘောဂပစ္စည်းများဝယ်ယူရန် စာကြည့်တိုက်တစ်ခုလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် ငွေကျပ် ၁၅သိန်းနှင့် သံတွဲခရိုင်အတွင်းရှိ ကျေးရွာပေါင်း ၄၈ရွာသို့ နေ့စဉ်ထုတ်သတင်းစာများ လှူဒါန်းရန်အတွက် ငွေကျပ် ၂၅၉၂၀၀တို့ကိုလည်းကောင်း၊ Forever Group ကုမ္ပဏီလီမိတက်မှ ဦးဝင်းမော်က သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအတွက် ငွေကျပ် ၇၂၀၀၀တန်ဖိုးရှိ MRTV-4 ရုပ်သံဖမ်းစက်တစ်လုံးနှင့် သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအတွက် ငွေကျပ် ၇၂၀၀၀တန်ဖိုးရှိ MRTV-4 ရုပ်သံဖမ်းစက်တစ်လုံးတို့ကိုလည်းကောင်း၊ သံတွဲခရိုင်အတွင်းရှိ စေတနာရှင်၊ အလှူရှင်များက ကျေးရွာစာကြည့်တိုက်များအတွက် လှူဒါန်းငွေကျပ်သိန်း ၄၀ကို စေတနာရှင်၊ အလှူရှင်များကိုယ်စား ဦးတိုးတိုးက လည်းကောင်း၊ သံတွဲခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်ရွှေက ငွေကျပ် ၄၅၀၀၀၀တန်ဖိုးရှိ ရုပ်မြင်သံကြားပြစက် သုံးလုံးကိုလည်းကောင်း၊ သံတွဲခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးစိုးဝင်းက ငွေကျပ် ၁၆၃၅၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနေ့ ငွေပဒေသာပင်အတွက် လှူဒါန်းငွေနှင့်ပစ္စည်းတန်ဖိုး စုစုပေါင်းမှာ ငွေကျပ် ၁၆၉၇၈၂၀၀ ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း သံတွဲမြို့နယ် နန်းချောင်းကျေးရွာ၌ စာကြည့်တိုက်ပန္နက်စိုက်ထူစဉ်။ (သတင်းစဉ်)

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော မှတ်တမ်းဓာတ်ပုံများ၊ MRTV-4 ရုပ်သံဖမ်းစက်နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် သံတွဲမြို့နယ် နန်းချောင်းကျေးရွာ၌ ကျင်းပသည့် စာကြည့်တိုက်ပန္နက်စိုက်ထူပွဲသို့ တက်ရောက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများလည်း တက်ရောက်ကြသည်။

ပန္နက်များစိုက်ထူ

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ သံတွဲခရိုင်ဥက္ကဋ္ဌ ဦးကျော်ဆန်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်တို့သည် မင်္ဂလာအချိန်တွင် သတ်မှတ်နေရာအသီးသီး၌ ပန္နက်များ စိုက်ထူ၍ အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဝန်ကြီးသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နန်းချောင်း၊ နန်းချောင်းအထက်၊ သုံးပင်ဆိုင်၊ မြပြင်၊ ဂျိတ္တော၊ လင်းသာ၊ ဝါးတောင်ကွင်း၊ ဇီးဖြူကုန်း၊ ငပလီ၊ မဇင်၊ စပါးကြီးနှင့် ဂေါ့ကျေးရွာ ၁၂ရွာတို့မှ ဒေသခံပြည်သူ ၁၃၀၀ ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒေသခံတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားသည်။

လှူဒါန်း

ထို့နောက် ဝန်ကြီးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသော နန်းချောင်းကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၃၀ကို ပေးအပ်လှူဒါန်းသည်။

ထို့အပြင် ဝန်ကြီးသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်အတွက် နန်းချောင်းကျေးရွာသို့ ငွေကျပ် သုံးသိန်း၊ မြပြင်ကျေးရွာနှင့် ဇီးဖြူကုန်း ကျေးရွာတို့သို့ ငွေကျပ် လေးသိန်းစီ စုစုပေါင်းငွေကျပ် ၁၁သိန်းနှင့် ကျေးရွာ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌ ဦးကျော်ဆန်းက ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော နန်းချောင်းကျေးရွာ စာကြည့်တိုက် ပရိဘောဂပစ္စည်းများဝယ်ယူရန် လှူဒါန်းငွေကျပ် ငါးသိန်းကို တာဝန်ရှိသူထံ ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တွေ့ဆုံပွဲများ၌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် "နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ နိုင်ငံတစ်ဝန်း နယ်စပ်ဒေသပါမကျန် မျှတစွာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ ရခိုင်ပြည်နယ်သည်လည်း အပါအဝင်ဖြစ်ကြောင်း။

တိုးချဲ့အကောင်အထည်ဖော်

လမ်းပန်းဆက်သွယ်မှုခက်ခဲပြီး တောတောင်မြစ်ချောင်းများ ထူထပ်ပေါများသည့် ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့် ဆောင်ရွက်ပေးရန်ဟူသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်အောင် ကဏ္ဍအသီးသီးတွင် တိုးချဲ့အကောင်အထည်ဖော်လျက်ရှိရာ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ အသိပညာ၊ ဗဟုသုတ ပိုမိုတိုးတက်မြင့်မားလာစေရေးတို့အတွက် မီဒီယာကဏ္ဍကို တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာတိုင်းသို့ နေ့စဉ်ထုတ်သတင်းစာများ ရောက်ရှိဖတ်ရှုနိုင်ရေး၊ ထူထောင်ပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်တည်တံ့ရေး၊ ရေဒီယိုထုတ်လွှင့်မှုအား FM စနစ်သို့ တိုးချဲ့တည်ဆောက်ထုတ်လွှင့်နိုင်ရေးတို့ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်း၊ ရုပ်မြင်သံကြားထုတ်လွှင့်မှုတွင် ထပ်ဆင့်လွှင့်စက်ရုံအသစ်တည်ဆောက်ခြင်း၊ မူလထပ်ဆင့်လွှင့်စက်ရုံများတွင် လွှင့်အားမြှင့်စက်အသစ်များ တပ်ဆင်ထုတ်လွှင့်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသခံပြည်သူများ သုတရသစုံလင်စွာ ရွေးချယ်ကြည့်ရှုနိုင်မည့် MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ ထုတ်လွှင့်မှုကို သံတွဲမြို့နှင့် အမ်းမြို့တို့၌ ယနေ့စတင် ဖွင့်လှစ်ထုတ်လွှင့်နေပြီ ဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်

နိုင်ငံတော်၏ ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုများစွာကို တွေ့မြင်နေရပြီး ယခုအခါ နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများပေါ်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသော သံတွဲခရိုင်အတွင်းရှိ မြို့နယ်သုံးမြို့နယ်မှ စာကြည့်တိုက် တစ်ခုလျှင် တန်ဖိုးငွေကျပ် သိန်း ၃၀ နှုန်းဖြင့် ငွေကျပ် သိန်း ၉၀ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ပေါက်လာရေး အကောင်အထည် ဖော်ဆောင်ရာတွင်လည်း ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တစ်ဆင့်ချင်း စနစ်တကျ တိုးတက်အောင်မြင်လျက်ရှိသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း။

ဝိုင်းဝန်းကာကွယ်

သို့ဖြစ်ရာ ပြည်သူများအနေဖြင့် အဆိုပါဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားကြရန်နှင့် နိုင်ငံတော်ကိုထိပါးနှောင့်ယှက်နေသည့် ပြည်တွင်းပြည်ပ အဖျက်အမှောင့် အန္တရာယ်များကိုလည်း သတိရှိရှိဖြင့် ဝိုင်းဝန်းကာကွယ်သွားကြရန် မှာကြားလိုကြောင်း။

ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားများ၏ မိသားစုများသဖွယ် ပေါင်းစည်းယှက်နွယ်မှု၊ သံယောဇဉ်ရှိမှု၊ နားလည်ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုစသည့် အစဉ်အလာချစ်ကြည်ရင်းနှီးမှုများပေါ်တွင် အခြေခံ၍ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း" ဖြင့် ပြောကြားခဲ့သည်။

(သတင်းစဉ်)

ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ မိုးအနည်းငယ်ရွာဖွယ်ရာရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ယနေ့နံနက် ၉နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်မှာ နမ့်စန်မြို့တွင် ၄ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပူတာအိုမြို့နှင့် မချမ်းဘောမြို့တို့တွင် ၀ ဒသမ ၂၇လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး၊ ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၂၆ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် အများအားဖြင့်သာယာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် အများအားဖြင့်သာယာမည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ယုဇနကုမ္ပဏီ၏ ချောင်းမွှန်ဆီအုန်းပျိုးခင်းရှိ ဆီအုန်းပျိုးပင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ မြိတ်တပ်နယ်ရှိ စိုက်ပျိုးရေရရှိရန်နှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရန်အတွက် ရေလှောင်တမံတည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရေလှောင်တမံတည်ဆောက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့် အဖွဲ့ဝင်များသည် တနင်္သာရီတံတားသို့ ရောက်ရှိပြီး တံတားကြံ့ခိုင်မှု အခြေအနေများကို လည်းကောင်း၊ တနင်္သာရီ-ဘုတ်ပြင်း လမ်း မိုင်တိုင် အမှတ် ၅၄မိုင် ၆ ဖာလုံနှင့် ၅၄မိုင် ၇ဖာလုံတို့၌ အမာခံကျောက်သားခင်းထားမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ရွှေကမ္ဘောဇကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးခြံသို့ ရောက်ရှိ၍ ဆီအုန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို မှာကြားကာ ထောက်ပံ့ငွေများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် တနင်္သာရီတပ်နယ် မိသားစုများအတွက် စောင်များ၊ အဝတ်အထည်များနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် တနင်္သာရီ-ဘုတ်ပြင်း ကားလမ်းရှိ တမုတ်ချိုးချောင်းတံတား၏ ကြံ့ခိုင်မှုအခြေအနေများကို လည်းကောင်း၊ တနင်္သာရီ-ဘုတ်ပြင်း ကားလမ်း မိုင်တိုင် အမှတ် ၈၆မိုင် ၅ ဖာလုံနှင့် ၈၆မိုင် ၆ဖာလုံတို့၌ အမာခံကျောက်သား ခင်းခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့် အဖွဲ့ဝင်များသည် တနင်္သာရီ-ဘုတ်ပြင်းလမ်းစီမံကိန်းပွိုင့် ၁၀၂၀စခန်းသို့ရောက်ရှိကြရာ အင်ဂျင်နီယာမှူးများနှင့် တာဝန်ရှိသူများက တနင်္သာရီ-ဘုတ်ပြင်းလမ်းကို လမ်းပိုင်းအလိုက် တာဝန်ယူ၍ တိုးချဲ့ဖောက်လုပ်ခြင်း၊ ကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်းနှင့် တံတားများတည်ဆောက်ခြင်းလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လမ်းစီမံကိန်းများကို သတ်မှတ်ရက်အတွင်း ပြီးစီးအောင်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့်အဖွဲ့ဝင်များသည် ပြည်ကြီးမဏ္ဍိုင်မြို့ စုပေါင်းခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား တွေ့ဆုံကြသည်။

ရှေးဦးစွာ တာဝန်ရှိသူများက ပြည်ကြီးမဏ္ဍိုင်မြို့၏ ကဏ္ဍအလိုက် ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက အမှာစကားပြောကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ပြည်ကြီးမဏ္ဍိုင်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိ၍ လူနာများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများကို ပေးအပ်ကာ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ပြည်ကြီးမဏ္ဍိုင် တပ်နယ်သို့ရောက်ရှိ၍ တပ်မိသားစုများနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားပြီး စောင်များ၊ အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့် အဖွဲ့ဝင်များသည် ယုဇနကုမ္ပဏီ၏ ချောင်းမွှန်ဆီအုန်း ပျိုးခင်းသို့ရောက်ရှိကြ၍ ဆီအုန်းပျိုးပင်များကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မီးပွိုင့်များ အဆင့်မြှင့်တင် ဆောင်ရွက်နေမှု သတိပေးသင်္ကေတများရေးဆွဲနေမှု၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှု၊ ဆင်ခြေဖုံးရပ်ကွက်များ၊ နွေရာသီတွင် သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်ပါက ကူညီပေးမည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရန်ကုန်မြို့တော်အတွင်းရှိ အဆောက်အအုံများ သန့်ရှင်း သပ်ရပ်ရေးနှင့် သစ်လွင်တောက်ပရေးလုပ်ငန်းကော်မတီ၊ မြို့တော်အတွင်းရှိ တံတားများ၊ လမ်းများကောင်းမွန်ရေးနှင့်မြို့တော်သန့်ရှင်းရေးလုပ်ငန်းကော်မတီ၊ ပန်းခြံများအား သန့်ရှင်းသာယာလှပပြီး အဆင့်မြှင့်တင်ရေးနှင့် လမ်းဘေးဈေးသည်များ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နယ်မြေအတွင်း သန့်ရှင်းသာယာလှပရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မြင်ကွင်း တင့်တယ်စေရေးနှင့် ရန်ကုန်မြို့တွင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းများကောင်းမွန်ရေး၊ ဆောက်လက်စ အဆောက်အအုံများပြီးစီးရေး၊ လုပ်ငန်းကော်မတီ၊ မြို့တော်အတွင်း ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ လိုက်နာရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊ ရန်ကုန်မြို့တော်ကျန်းမာရေးဆိုင်ရာ မြှင့်တင်ရေးလုပ်ငန်းကော်မတီနှင့် ပညာပေးရေး၊ စည်းရုံး လှုံ့ဆော်ရေးလုပ်ငန်းကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိမိတို့ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ် အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

သုတေသနပညာရှင်များအနေဖြင့် လိပ်ပြာတောင်ပံများပေါ် နေရောင်ကျရောက်မှုနှင့် တုံ့ပြန်ထွက်မှုတို့ကို မမျှော်လင့်ဘဲ တွေ့ရှိခဲ့ပြီးနောက် ယခုကဲ့သို့ အလွန်သေးငယ်သော နေစွမ်းအင်ခံပြားလေးများမှ ဓာတ်အားထုတ်ယူမှုကို စီစဉ် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

ထပ်မံပေါင်းစပ်

ထို့ကြောင့် အနာဂတ်ကာလတွင် လိပ်ပြာတောင်ပံအရွယ်အစား နေစွမ်းအင်ခံပြားများမှ ထုတ်ယူသော လျှပ်စစ်ဓာတ်အားများကို နေအိမ်နှင့် စက်ရုံအလုပ်ရုံ အဆောက်အအုံများတွင် တပ်ဆင်အသုံးပြုနိုင်တော့မည်ဖြစ်သည်။ ထို့အတူ ပိုမိုအဆင့်မြင့်သော နည်းပညာထပ်မံပေါင်းစပ်ကာ ယခုထက် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်ယူနိုင်ရေးကိုလည်း ဆက်လက်သုတေသနပြုလျက် ရှိသည်။ **(အင်တာနက်)**

ချင်းတွင်းမြစ်ရေနည်းမည့်အခြေအနေထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယနေ့တိုင်းထွာချက်အရ ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၁၀၀ စင်တီမီတာအောက်သို့ ရောက်ရှိနေပြီး မတ်လပထမဆယ်ရက်ပတ်အထိ ရေနည်းသတိပေးမှတ်အောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယနေ့တိုင်းထွာချက်အရ ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၁၀၂၀စင်တီမီတာအောက်သို့ ရောက်ရှိနေပြီး မတ်လပထမဆယ်ရက်ပတ်အထိ ရေနည်း သတိပေးမှတ်အောက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

* *ရှေ့ဖုံးမှ*

ယခုနှစ် ဇန်နဝါရီ ၁၈ရက်က ဆောင်းပါးရှင် ဦးကျော်စိန်နှင့် တမံဖွင့်ပွဲ ဓာတ်ပုံမှတ်တမ်းရိုက်ကူးရန် ပခုက္ကူမြို့သို့ ဗန္ဓုလသယ်ယူပို့ဆောင်ရေး၏ ရွှေမန်းသူမှန်လုံအမြန်ယာဉ်ဖြင့် လိုက်ပါခဲ့သည်။ မွန်းလွဲ ၁၂နာရီခွဲ ရန်ကုန်အောင်မင်္ဂလာအဝေးပြေးကားဂိတ်မှ ထွက်ခွာလာခဲ့ရာ ၄၄၈မိုင် ကွာဝေးသော ပခုက္ကူခရီးကို နောက်တစ်နေ့နံနက် ၅ နာရီခွဲ အလင်းရောင်ထွက်ပြုစတွင် ပုဂံညောင်ဦးကမ်းခြေလက်ပံခြေပေါ် စက်မော်တော်ဆိပ်သို့ ရောက်ရှိခဲ့သည်။

ပုဂံညောင်ဦးကမ်းခြေဆိပ်ကမ်းမှ စက်မော်တော်ဖြင့်ထွက်ခွာလာခဲ့ရာ လက်ပံခြေပေါ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို စက်မော်တော်ပေါ်မှ လှမ်းမြင်ရသည်။ ပခုက္ကူနှင့် ပုဂံညောင်ဦးကို ဧရာဝတီမြစ်ကြီးက ပိုင်းခြားထား၏။ မြစ်အရှေ့ခြမ်း ပုဂံညောင်ဦးသည် မန္တလေးတိုင်းတွင် ပါရှိပြီး အနောက်ခြမ်းပခုက္ကူသည် မကွေးတိုင်းအတွင်းပါရှိသည်။ ပခုက္ကူဘက်ကမ်းတွင်လည်း လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများကိုစက်လှေပေါ်မှ မြင်တွေ့ရ၏။

မြစ်ရေတင်လုပ်ငန်း

ဇန်နဝါရီ ၂၁ရက်က ပခုက္ကူမြို့ မြို့ပတ်လမ်းရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနရုံးသို့ သွားရောက်ကာလက်ထောက်ညွှန်ကြားရေးမှူး ဦးငွေမြင့်နှင့် တွေ့ဆုံခဲ့သည်။ မကွေးတိုင်း ပခုက္ကူခရိုင်တွင် မြို့နယ်ငါးမြို့နယ်ရှိသည့်အနက် ပခုက္ကူ၊ ရေစကြို၊ ပေါက်နှင့် ဆိပ်ဖြူမြို့နယ်လေးမြို့နယ်တွင် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်ထားရှိကြောင်း သိရှိရသည်။ အဆိုပါ လေးမြို့နယ်တွင် ဆောင်ရွက်ပြီး လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၁၁ခုနှင့် ဆောင်ရွက်ဆဲ လျှပ်စစ်မြစ်ရေတင် သုံးခု စုစုပေါင်း ၁၄ခုရှိသည်။ဆောင်ရွက်ပြီးမြစ်ရေတင်လုပ်ငန်း ၁၁ ခုမှာ ပခုက္ကူမြို့နယ်တွင် ဧရာဝတီမြစ်အတွင်းမှ ရေအရင်းအမြစ်ကိုတင်ယူကာ စိုက်ပျိုးဧရိယာဧက ၁၀၀၀၀အတွက် ကုက္ကိုလှနှင့် ရွှေတန့်တစ်မြစ်ရေတင်လုပ်ငန်း၊ ပေါက်မြို့နယ်တွင် ယောချောင်းအတွင်းမှ ရေအရင်းအမြစ်ကိုတင်ယူကာ စိုက်ဧက ၁၄၂၀ အတွက် ရေပြာနှင့် စံဖဲမြစ်ရေတင်လုပ်ငန်း၊ ရေစကြိုမြို့နယ်တွင် ချင်းတွင်းမြစ်အတွင်းမှ ရေအရင်းအမြစ်ကို တင်ယူကာ စိုက်ပျိုးဧက ၁၂၁၅၀ ဧကအတွက် ချစ်သူ၊ သင့်သည်၊ သမန္တပို့၊ မင်းရွာ၊ မအူအောက်ဆိပ်၊ ရွှေချောင်း၊ ဝါယာသာစည် လျှပ်စစ် ရေတင်လုပ်ငန်းများဖြင့် စိုက်ပျိုးရေများ ပေးဝေလျက်ရှိနေပေသည်။

ဆောင်ရွက်ဆဲ

ဆောင်ရွက်ဆဲ မြစ်ရေတင်လုပ်ငန်း သုံးခုမှာ ပခုက္ကူမြို့နယ်တွင် ဧရာဝတီမြစ်မှ ရေအရင်းအမြစ် တင်ယူကာ စိုက်ဧက ၁၃၀၀၀အတွက် ကြီးရွာနှင့် နုံးပို့ရေတင်လုပ်ငန်းနှစ်ခုနှင့် ဆိပ်ဖြူမြို့နယ်မှ စိုက်ဧက ၁၅၀၀ အတွက် ဆိပ်ဖြူအောက်ဆိပ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းတို့ဖြစ်သည်။ဆောင်ရွက်ပြီးစီးနေပြီဖြစ်သော လျှပ်စစ်ရေတင်လုပ်ငန်း ၁၁ ခုမှ ၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း မိုးစပါး ၅၆၃၂ ဧက၊ နွေစပါး ၃၈၅၇ ဧက စုစုပေါင်း ၉၄၈၉ ဧကကို ဒေသဝမ်းစာဖူလုံရန် စပါးရေပေးဝေနိုင်ခဲ့ကြောင်း၊ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် မိုးစပါး ၁၀၇၈၉ ဧကကိုစိုက်ပျိုးရေ ပေးဝေနိုင်ခဲ့ပြီး နွေစပါးဧက ၄၂၀၀ ပေးနိုင်ရန် လျာထားသတ်မှတ်ပါကြောင်းဖြင့် ပခုက္ကူခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေမြင့်က မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားသည်။

လျှပ်စစ်ရေတင်လုပ်ငန်းမှာ စိုက်ဧက အနည်းအများပေါ်လိုက်၍ လည်းကောင်း၊ မြေအနေအထား အနိမ့်အမြင့်ပေါ် မူတည်၍လည်းကောင်း၊ တူးမြောင်း အလျားအရှည်အတိုအရ လည်းကောင်း အဆင့် တစ်ဆင့်မှ ကိုးဆင့်အထိ ရေတင်လုပ်ငန်းကို ရေတင်စက်များဖြင့် တပ်ဆင်တင်ပေးရသည်။ ပခုက္ကူမြို့နယ် ရွှေတန့်တစ်နှင့် မယ်တော်လှဘုရားကြားဒေသရှိ စိုက်ပျိုးဧက ၅၀၀၀ အတွက် ပေးလွှတ်ရသည်။ ကြီးရွာလျှပ်စစ်ရေတင်လုပ်ငန်းမှာ အဆင့် ကိုးဆင့်ဖြင့် ဧရာဝတီမြစ်မှရေကို တင်ယူ ပို့လွှတ်ရသည်။ ပင်မ မြောင်းအလျားမှာ ပေ ၄၃၀၀၀ရှိပြီး လက်တံမြောင်း ၁၂ ခု၊ လက်တံခွဲမြောင်း ၁၉ ခု၊ အလျား ပေ ၁၉၀၃၅၀ရှိကြောင်းသိရသည်။ စီမံကိန်းလုပ်ငန်းများ မပြီးသေးသော်လည်း ၂၀၀၇-၂၀၀၈ခုနှစ် မိုးစပါးစိုက်ရာသီမှစ၍ အဆင့် သုံးအထိ ရေပေးဝေလျက်ရှိသည်။

ပခုက္ကူခရိုင် ရွှေတန့်တစ်ကျေးရွာအနီးရှိ လယ်မြေဧက ၅၀၀၀ကျော်ကို ရွှေတန့်တစ်လျှပ်စစ်ရေတင်စက်ဖြင့် ရေလွှတ်ပေးနေသည်ကိုဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

စိုက်ပျိုးလယ်ဧက ၅၀၀၀ ကျော်အတွက် အလျား ၁၇၂၄၆ ပေရှိ မြစ်ရေလွှတ်ပေးနေသော ရွှေတန့်တစ် ပင်မရေလွှတ်မြောင်းမကြီး။ (မြန်မာ့အလင်း)

ငွေချည် (၆)ဝါ

၂၀၀၉-၂၀၁၀ ခုနှစ် မိုးရာသီတွင် မိုးနှောင်းချည်မျှင်ရှည်ဝါ ဖြစ်သော ငွေချည်(၆)ဝါမျိုး စိုက်ဧက ၁၀၀၀အတွက် ရွှေတန့်တစ်၊ ကြီးရွာ၊ ဝါယာသာစည်နှင့် မင်းရွာလျှပ်စစ်ရေတင်လုပ်ငန်းများမှ စိုက်ပျိုးရေပေးရန် လျာထားသတ်မှတ်ထားပြီးဖြစ်ရာ မိုးစပါး၊ နွေစပါးသာမက မိုးနှောင်းဝါအဖြစ် ငွေချည်(၆)ဝါကိုပါ မြစ်ရေတင်လုပ်ငန်းများမှ စိုက်ပျိုးရေများ ပေးဝေနိုင်ခြင်းဖြင့် ရွှေကိုမလို ရေကိုလိုသည့် တောင်သူလယ်သမားများ၏ လိုအင်ဆန္ဒပြည့်ဝပြီး မလွဲမသွေ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာရေးသား လိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

လျှပ်စစ်ရေတင်လုပ်ငန်းမှာ စိုက်ဧက အနည်းအများပေါ်လိုက်၍ လည်းကောင်း၊ မြေအနေအထား အနိမ့်အမြင့်ပေါ် မူတည်၍လည်းကောင်း၊ တူးမြောင်း အလျား အရှည်အတိုအရ လည်းကောင်း အဆင့် တစ်ဆင့်မှ ကိုးဆင့်အထိ ရေတင်လုပ်ငန်းကို ရေတင်စက်များဖြင့် တပ်ဆင်တင်ပေး ရသည်။

မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ချစ်သူကျေးရွာတွင် ချစ်သူလျှပ်စစ်ရေတင်လုပ်ငန်းဖြင့် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းခဲ့သော တောင်သူဦးကျော်မင်းတင့်၏ မိုးစပါးစိုက်ခင်း။ (မြန်မာ့အလင်း)

မျက်စိကို ဘယ်လိုဂရုစိုက်ကြမလဲ

ကျွန်တော့်ထံ တပည့်ဆရာဝန်တစ်ဦးက သူ့သမီးကလေး၏ မျက်စိလာပြပါသည်။ သူ့သမီးလေးမှာ (၉)တန်း ကျောင်းသူဖြစ်ကြောင်း၊ စာဖတ်ပြီးလျှင် မျက်စိကို ခဏခဏပွတ်နေကြောင်း၊ မျက်စိတစ်ဖက်၊ ခေါင်းတစ်ခြမ်းကလည်း ခဏခဏကိုက်၍ စာကြာကြာ မဖတ်နိုင်ကြောင်း၊ နောင်နှစ် (၁၀)တန်းဆိုလျှင် ပိုဖတ်ရတော့မှာကြောင့် မျက်စိလာပြရကြောင်း ပြောပြပါသည်။

"ယခင်က မျက်စိဆရာဝန်နှင့် ပြဖူးသလား" ဟု မေးကြည့်ရာ တစ်ခါမှမပြဖူးကြောင်း ပြောပါသည်။ သို့နှင့် ပထမဦးစွာ အမြင်စွမ်းအား စမ်းကြည့်ရာ မျက်စိနှစ်ဖက်မှာ တစ်ဖက်နှင့်တစ်ဖက် အမြင်ချင်းမတူဘဲ တစ်ဖက်သည် အပေါ်ဆုံးစာကြောင်းသာမြင်ရပြီး နောက်တစ်ဖက်မှာ အောက်ဆုံးကြောင်း အပေါ်ထိသာ မြင်ရပါသည်။ သို့နှင့် ရောဂါတစ်ခုခုရှိမရှိ စမ်းသပ်ပြီး(Pin hole)ခေါ် ပင်အပ်ခေါင်းအရွယ် အပေါက်ကလေးမှ အမြင်စွမ်းအား chart အား ကြည့်ခိုင်းလိုက်ရာ ယခင်အပေါ်ဆုံးသာမြင်ရသောဘက်မှ လေးကြောင်းခန့်မြင်လာပြီး နောက်တစ်ဖက်ကမူ အောက်ဆုံးကြောင်းထိ မြင်လာနိုင်တော့သည်။

သို့နှင့် မျက်မှန်စမ်းကြည့်လိုက်ရာ မျက်စိနှစ်ဖက်စလုံးမှာ အဝေးမှုန်မျက်မှန်တပ်ရမည့်သူဖြစ်ပြီး တိုင်း၍ရသောမျက်မှန်ကို တပ်လိုက်သောအခါ တစ်ဖက်က အောက်ဆုံးကြောင်းထိမြင်ရသော်လည်း ယခင်အပေါ်ဆုံးစာကြောင်းသာ မြင်ရသည့်ဘက်ကမူ မျက်မှန်တပ်ဆင်သော်လည်း လေးကြောင်းထက် ပိုမမြင်နိုင်တော့သည်ကို တွေ့ရပါသည်။

ဖခင် ဆရာဝန်ကို ထိုသို့ဖြစ်ခြင်းမှာ ငယ်စဉ်ကပင် မျက်မှန်တပ်ရန်လိုကြောင်း၊ အနည်းဆုံး ခုနစ်နှစ်အရွယ်လောက်ကစ၍ မျက်မှန်မတပ်လိုက်သဖြင့် ထိုသို့ဖြစ်ရကြောင်း၊ သမီးလေးမှာ တစ်ဖက်မျက်စိက အကောင်းနီးပါးဖြစ်သဖြင့် တစ်ချိန်လုံး ယင်းမျက်စိကိုသာ အသုံးပြုပြီး ကျန်မျက်စိတစ်ဖက်ကို အသုံးမပြုတော့ကြောင်း၊ ထို့ကြောင့် မျက်စိသည် မျက်မှန် ဘယ်လောက်ပင်တပ်တပ် အမြင်အာရုံ ပကတိ ပြန်မကောင်းနိုင်တော့ကြောင်း၊ ယင်းကိုမျက်ကြောသေရောဂါ(Amblyopia) ဟုခေါ်ကြောင်း၊ သမီးလေးမှာ ကောင်းသည့် မျက်စိတစ်ဖက်ကိုသာ အသုံးပြုနေပြီး တစ်ဖက်ကလည်း မျက်မှန်ပါဝါ အနည်းငယ်လိုလာသဖြင့် ကြာကြာအာရုံစိုက်ရပြီး စာဖတ်လိုက်သောအခါ မျက်စိကိုက်ခြင်း၊ ယားခြင်း၊ ခေါင်းကိုက်ခြင်း၊ ဇက်ထိုးခြင်းတို့ ဖြစ်ပေါ်ကြောင်း ရှင်းပြရတော့သည်။

ကျန်းမာရေးဝန်ထမ်းတစ်ဦးဖြစ်သည့် ဆရာဝန်တစ်ဦးကပင် ကိုယ့်ကလေးကိုမျက်စိစမ်းရန် သတိမထားဘဲ အမှုမဲ့အမှတ်မဲ့နေလိုက်မိလျှင် ကျန်တဲ့လူတွေမှာ ပိုဆိုးမှာပဲဟုတွေးမိပြီး မျက်စိကို ဘယ်လိုဂရုစိုက်ရမလဲ၊ သတိထားလိုသူများ သတိထားနိုင်အောင် ဤဆောင်းပါးကို ရေးလိုက်ရပါသည်။

အမှန်တော့ ကိုယ့်ကလေးမျက်စိကို ဂရုမစိုက်ဘဲ ဘယ်သူနေချင်ပါ့မလဲ၊ အလုပ်အကိုင် အခြေအနေ အရပ်ရပ်၊ အကြောင်းကြောင်းကြောင့်သာ ဂရုမစိုက်ဘဲနေကြရတာဖြစ်ပါသည်။ တချို့ကလဲ ဂရုစိုက်ချင်ပေမယ့် ဘယ်လိုဂရုစိုက်ရမလဲ မသိတာကြောင့် ဖြစ်ပါသည်။

ယခု ကျွန်တော့်ဆောင်းပါးတွင် ကလေးအရွယ်နှင့် လူကြီးပိုင်း ဂရုစိုက်ရမည့် အချက်များကို နှစ်ပိုင်းခွဲတင်ပြပါမည်။

ကလေးအရွယ်တွင် မွေးစကလေးအား မွေးပြီးရက်ပိုင်း အတွင်းမှာပင် မျက်စိကို စစ်ဆေးကြည့်ရန် လိုပါသည်။ ယင်းမှာ ဆေးရုံဆေးပေးခန်းများ၊ ရပ်ကွက်သားဖွားဆရာမများနှင့် မွေးသူတို့က ကြည့်ရှုပေးပြီးဖြစ်ပါသည်။ အရပ်လက်သည်နှင့် မွေးသူတို့သာ သင့်တော်သော ဆရာဝန်၊ ဆရာမတစ်ဦးနှင့် ပြသင့်ပါသည်။ ကလေးခြောက်လအရွယ်တွင် မျက်စိသည် လိုက်ကြည့်တတ်ပြီး တစ်နှစ်ခန့်တွင် မျက်စိသည် ပုံမှန်ဖြစ်နေပါသည်။ မျက်စိသည် အတွင်းစွေခြင်း၊အပြင်စွေခြင်း၊ မျက်သူငယ်အိမ်တွင် အဖြူစက်ပေါ်လာခြင်းတို့ တစ်ခါတစ်ခါ မျက်တောင်မွေးအထဲဝင်၍ မျက်ဝတ်ထွက်၊ မျက်ရည်ထွက်ခြင်းရှိတတ်ပါသည်။ ထိုအချိန်တွင် မျက်စိဆရာဝန်နှင့် ပြသင့်ပါသည်။ ထိုသို့မဟုတ်ပါက ပြစရာမလိုပါ။

ထို့နောက် ကလေးလေးနှစ်၊ ငါးနှစ်အရွယ်တွင် အမြင်အာရုံနှင့် အမြင်စွမ်းအား စမ်းခြင်းကို မျက်စိဆရာဝန်နှင့် ပြသင့်ပါသည်။ မျက်စိဆရာဝန်နှင့် ဝေးကွာသည့် ကလေးများအတွက် အမြင်စွမ်းအားစမ်းခြင်းကိုကျောင်းကျန်းမာရေး ဆရာဝန်များ၊ဆရာမများကပြုလုပ်ပြီး အမြင်စွမ်းအားနည်းကြောင်းတွေ့ရှိမှသာ မျက်စိဆရာဝန်ထံ ပြသသင့်ပါသည်။ ယင်းအချိန်တွင်မျက်မှန်လို၍ မျက်စိမှုန်ခြင်း၊မျက်စိနီခြင်း၊ ကိုက်ခြင်း၊ရုတ်တရက်မှုန်သွားခြင်းဖြစ်ပါကလည်း မျက်စိဆရာဝန်ထံ ချက်ချင်းပြသင့်ပါသည်။ မျက်စိမှုန်ခြင်းအပြင် မျက်စိစွေစောင်းရောဂါကိုလည်း စမ်းသပ်နိုင်ပြီးရှိနေပါက ကုသမှုကိုယင်းအရွယ်ကပင်ခံယူသင့်ပါသည်။ ယင်းသို့ခံယူမှသာ ကျွန်တော်၏ တပည့်ဆရာဝန်၏ သမီးလေးကဲ့သို့ (Amblyopia) ဖြစ်ခြင်းမှ ကာကွယ်နိုင်မည် ဖြစ်ပါသည်။ ထို့ပြင် ထိခိုက်ဒဏ်ရာရခြင်းသည် ကလေးအရွယ်၌အဖြစ်များတတ်သဖြင့် ကလေးများအား ချွန်ထက်သောအရာများဖြင့် ဆော့ကစားခြင်း မပြုရန်ကိုလည်း မိဘဆရာများက သတိထားသင့်ပါသည်။

အစားအသောက်အနေဖြင့် ကလေးအရွယ်ကပင် နေ့စဉ် နွားနို့တိုက်ခြင်း၊ ပဲပြုတ်၊ ကြက်ဥကျွေးခြင်း၊ ရွှေဖရုံသီး၊ ကန်စွန်းဥတို့ကဲ့သို့ ဝါသော အသီးအနှံများ ကျွေးခြင်းကို နေ့စဉ်မဟုတ်ပေမယ့် တစ်ပတ်နှစ်ခါလောက် အနည်းဆုံး ကျွေးသင့်ပါသည်။

သာမန်ကလေးတိုင်းကို ငါးနှစ်၊ ခုနစ်နှစ်၊ ၁၀နှစ်၊ ၁၅နှစ် အရွယ်တို့တွင် မျက်စိဆရာဝန်နှင့် ပြနိုင်ပါက ပိုကောင်းပါသည်။

ဒေါက်တာကံညွန့်

သို့သော် မိခင်၊ ဖခင်တစ်ဦးဦး၌ အဝေးမှုန်၊ အနီးမှုန်ရောဂါရှိခြင်း(ငယ်စဉ်ကပင် မျက်မှန်တပ်ရခြင်း)၊ ညမမြင်ရောဂါရှိခြင်း၊ ကလေး၏မောင်နှမမွေးချင်းထဲတွင် မျက်စိကင်ဆာရောဂါ ရှိခဲ့ဖူးခြင်းများရှိလျှင် နှစ်နှစ်တစ်ကြိမ် ပုံမှန်စမ်းသပ်သင့်ပါသည်။

နောက် သတိထားရန်အချက်မှာ **ကလေးသည် မျက်တောင်ခဏခဏခတ်ခြင်း၊ မျက်စိယားခြင်း၊ မျက်စိနီခြင်း၊ မျက်ရည်ပူကျခြင်း၊ စာဖတ်လျှင် အိပ်ငိုက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ တီဗွီကြည့်လျှင် အနီးကပ်ကြည့်ခြင်း စသည်တို့ဖြစ်ပါက မျက်စိဆရာဝန်နှင့်အချိန်မရွေးပြသသင့်**ပါသည်။

လူကြီးများအတွက် အသက် ၄၀ ခန့်တွင် လူတိုင်း မျက်စိပြသင့်ပါသည်။ သက်ကြီးအနီးမှုန် မျက်စိရောဂါသည် ထိုအရွယ်တွင် စတင်၍ လူတိုင်း အနီးကြည့်ရန်၊ စာဖတ်ရန် မျက်မှန်လိုတတ်ပါသည်။ ထိုအချိန်တွင် လိုအပ်သော မျက်မှန်ကိုစမ်းရင်း မျက်စိရောဂါရှိမရှိ တစ်ကြိမ်စမ်းသင့်ပါသည်။ ထိုအရွယ်မှစ၍ ပုံရိပ်နှစ်ရိပ်ဖြစ်ခြင်း၊ မိတ်ဆွေသင်္ဂဟများ၏ မျက်နှာကိုကြည့်လိုက်တိုင်း အမည်းရိပ်ထင်ပြီး သဲကွဲစွာ မမြင်ခြင်း၊ ပုံရိပ်ရွဲ့စောင်းခြင်း၊ စာဖတ်ခက်ခြင်း၊ မြင်ကွင်းချို့ယွင်းခြင်း၊ မြင်ကွင်းကျဉ်းလာခြင်း၊ မြင်ကွင်းတွင် အမည်းစက်များမြင်ခြင်း၊ နှင်းကျသကဲ့သို့ မြင်ခြင်း၊ အရိပ်များဖြစ်ခြင်း၊ လျှပ်စီးလက်သကဲ့သို့ မြင်ခြင်းစသည်တို့ရှိပါမူ မျက်စိဆရာဝန်ထံ အချိန်မရွေး ပြသင့်ပါသည်။ မျက်စိနီခြင်း၊ ကိုက်ခြင်း၊ ရုတ်တရက် မှုန်သွားခြင်းများ ဖြစ်ပါကလည်း မျက်စိဆရာဝန်ထံ ချက်ချင်း ပြသသင့်ပါသည်။

ထို့ပြင် အသက် ၄၅ နှစ် ကျော်သူတိုင်း သွေးတိုး၊ ဆီးချိုရောဂါ ရှိမရှိ စမ်းသပ်၍ ရှိပါက ကုသမှုခံယူသင့်ကြပါသည်။ သွေးတိုးနှင့် ဆီးချိုရောဂါသည် မျက်စိ ရုတ်တရက် ကွယ်သွားခြင်းကို ဖြစ်စေနိုင်သဖြင့် မျက်စိအမြင်အာရုံ စောင့်ထိန်းရေးတွင် အထူးအရေးပါသော ကိစ္စတစ်ရပ်ဖြစ်ပါသည်။ သွေးတိုး၊ ဆီးချို ရှိမှန်းမသိဘဲ ယင်းရောဂါတစ်ခုခုကြောင့် မျက်စိတစ်ဖက်ဖြုန်းခနဲ ကွယ်သွားတော့မှ ရောက်လာတတ်သည့် အသက် ၅၀ ကျော်လူနာအများအပြားကို တွေ့ရတတ်၍ ဖြစ်ပါသည်။

သာမန်လူများအတွက် အသက် ၄၀ ကျော်သူတိုင်း အနည်းဆုံး နှစ်နှစ်တစ်ကြိမ် မျက်စိဆရာဝန်ထံ စမ်းသပ်မှုခံယူသင့်ပါသည်။

အသက် ၅၀ ကျော်သူများအတွက် တစ်နှစ်တစ်ကြိမ် စမ်းသပ်မှုခံယူသင့်ပြီး သွေးတိုး၊ ဆီးချိုရောဂါရှိသူများ အဖေနှင့်အမေတွင် ရေတိမ်၊အတွင်းတိမ်ရှိသူများအတွက်မူ ခြောက်လတစ်ကြိမ် စမ်းသပ်မှုခံယူသင့်ကြပါသည်။

နေပူထဲတွင် အလုပ်လုပ်ရသူများ၊ ဂဟေမီးနှင့်အလုပ်လုပ်ရသူများ၊တွင်ခုံလုပ်ရသူများအတွက်မူ နေကာမျက်မှန်၊ ဖိုင်ဘာ ကာဘာမျက်မှန်ကို အမြဲတပ်ဆင်အသုံးပြုသင့်ပါသည်။ တချို့နေပူမြင့်ချိန်တွင် ဂေါက်သီးကစားသူများလည်း နေကာမျက်မှန် တပ်ဆင်သင့်ပါသည်။ နေကာမျက်မှန်သည် နေရောင်ထွက်လာသည့် Ultra Violet Ray ကို မျက်စိထဲသို့တိုက်ရိုက်ဝင်ခြင်းမှ ကာကွယ်ပြီး သဲ၊ဖုန်၊အမှိုက်ဝင်ခြင်းမှလည်း ကာကွယ်ပေးနိုင်ပါသည်။ နေရောင်မှလာသော Ultra Violet Ray ဝင်ခြင်းဖြင့် မျက်စိအတွင်းတိမ်ရောဂါဖြစ်ခြင်း၊ မျက်စိအာရုံလွှာရောင်ရမ်းခြင်း၊ မျက်ခမ်းကင်ဆာဖြစ်ခြင်းတို့မှ ကာကွယ်နိုင်ပါသည်။ ယခု UV Protect နေကာမျက်မှန်များ ဈေးကွက်ထဲတွင်ရှိပြီး နိုင်ငံတကာတွင် တွင်ကျယ်စွာ အသုံးပြုနေကြပြီ ဖြစ်ပါသည်။

မျက်စိရောဂါကာကွယ်ရေးနှင့် မျက်စိကျန်းမာရေးအတွက် အစားအသောက်အနေနှင့်လည်း ကြက်ဥ၊ မြေပဲ၊ နွားနို့၊အသား၊ငါးအပြင် စိမ်းလန်းသောဟင်းသီးဟင်းရွက်၊ အဝါရောင်ရှိသောအသီးအနှံ၊ Vitamin E,B,C,Zinc နှင့် Selenium, β Carotene ပါသော အားဆေးများ စားသုံးသင့်ပါသည်။ ကလေးမိဘများအနေဖြင့်ဆောင်းပါးအစက ဖော်ပြခဲ့သည့် ဆရာဝန်၏သမီးလေးကဲ့သို့ Amblyopia ဝေဒနာ မခံစားရအောင် အောက်ပါကဗျာလေးကို ဖတ်၍ သတိထားလိုက်နာကြပါဟု တိုက်တွန်းလိုက်ရပါသည်။ ။

ကျောင်းတက်စအရွယ်မှာ
မျက်စိကို တစ်ဖက်ပိတ်၍ တစ်ဖက်နှင့် စမ်းကြည့်ပါ
အမြင်အာရုံ တစ်ဖက်စီက
ကောင်းတာချင်း တူရမည်သာ
တစ်ဖက်မှာ မှုန်ဝါးနေက
ချက်ချင်းပင် ဆရာမကို
မျက်စိဌာန၊ မြန်မြန်ပြဖို့
ပြောကြပါစို့။

ကလေးသည် မျက်တောင်ခဏခဏခတ်ခြင်း၊ မျက်စိယားခြင်း၊ မျက်စိနီခြင်း၊ မျက်ရည်ပူကျခြင်း၊ စာဖတ်လျှင် အိပ်ငိုက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ တီဗွီကြည့်လျှင် အနီးကပ်ကြည့်ခြင်း စသည်တို့ ဖြစ်ပါက မျက်စိဆရာဝန်နှင့် အချိန်မရွေးပြသသင့်။

ဆေးကုန်သည်အသင်း အတွင်းရေးမှူးနှင့်အဖွဲ့ ဗီယက်နမ်သို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့နှင့် ဟန္နိုင်းမြို့တို့၌ ကျင်းပမည့် Vietnam Chamber of Commerce & Industry နှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးဦးဇော်မိုးခိုင်၊ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာဇော်ထွန်းအေးနှင့် အသင်းဝင်ဦးထွန်းထွန်းဦးတို့သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူ၊ ဒုတိယဥက္ကဋ္ဌ ဦးသန့်ဇင်၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာသင်းနွယ်ဝင်းနှင့်အလုပ်အမှုဆောင် ဦးခင်မောင်အေးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

တိုးတက်မြင့်မားရေး

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးနှင့်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ဆေးဝါးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ အရည်အသွေးမီ ဆေးဝါးများတင်သွင်းနိုင်ရေးနှင့် ကုန်သွယ်မှုပမာဏ တိုးတက်မြင့်မားရေးတို့အတွက် ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စီးပွားရေးလုပ်ငန်းများအတွက် မရှိမဖြစ်အရေးပါသော အာမခံဟောပြောဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

တူဒေးစာအုပ်တိုက်မှ ထုတ်ဝေသော CEO စီးပွားရေးနှင့်စီမံခန့်ခွဲမှုမဂ္ဂဇင်းက ကြီးမှူးကျင်းပသည့် စီးပွားရေးလုပ်ငန်းများအတွက် မရှိမဖြစ်အရေးပါသော အာမခံအမည်ရှိဟောပြောဆွေးနွေးပွဲကို ဖေဖော်ဝါရီ၂၁ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ Park Royal Yangon Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာ့အာမခံလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်း**(အောက်ပုံ)**က ဟောပြောဆွေးနွေးပြီး မြန်မာ့စီးပွားရေးနယ်ပယ်အသီးသီးမှ မန်နေဂျာများ၊CEO မဂ္ဂဇင်းကို နှစ်စဉ်ကြေး ကြိုတင်ပေးသွင်းဖတ်ရှုကြသူများတက်ရောက်ကြသည်။

ဤဆွေးနွေးပွဲအတွက် Enervon-C၊PAN နှင့် Smart Technical Services တို့က ပံ့ပိုးကူညီပြီး အာမခံနှင့်ပတ်သက်သော အချက်အလက်များကို မြန်မာ့စီးပွားရေး နယ်ပယ်အသီးသီးတွင် လုပ်ဆောင်နေကြသူများ နားလည်သဘောပေါက်စေရန် ရည်ရွယ်၍ CEO မဂ္ဂဇင်းက ၂၀၀၉ခုနှစ်အတွက် ပထမဆုံးအကြိမ် ဟောပြော ဆွေးနွေးပွဲအဖြစ် စီစဉ်ကျင်းပလိုက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **“ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး”**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

၎င်းစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖေဖော်ဝါရီလ ၂၁ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံလျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့်ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်ရန် ရတနာပစ္စည်းများ	ကိုယ်တိုင်ကိုယ်ကျ ထည့်သွင်းပူဇော်နိုင်ရန် ပန်းထိမ်အဖွဲ့များ တစ်ပါတည်း ထားရှိပေးမည်။
(၂)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း
(၃)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ရတနာပစ္စည်းများ ထည့်သွင်းပူဇော်လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်၊ ဓမ္မာရုံရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီသို့ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ကျွန်တော်တို့ နှစ်ဂိုးလောက် ရသင့်တယ် — ဖာဂူဆန်
အိုးထရက်ဖို့ဒ်မှာ အနိုင်ကစားရမှာပါ — မော်ရင်ဟို

မောင်မောင်မြင့်ဆွေ ရေးသား၍ ဟန်စိုး စာမျက်နှာဖွဲ့စည်းသည်

မီလန် ဖေဖော်ဝါရီ ၂၅

ချန်ပီယံလိဂ်ဂါဗ်သင်းအဆင့် ရှုံးထွက် ပထမအကျော့ ဘောလုံးပွဲစဉ်တွေကို ဖေဖော်ဝါရီ၂၅ရက်က ဆက်လက်ယှဉ်ပြိုင်တဲ့အခါ လက်ရှိချန်ပီယံမန်ယူက အဝေးကွင်းမှာ အင်တာမီလန်ကို ဂိုးမရှိ သရေပွဲကစားခဲ့ပြီး လိုင်ယွန်နဲ့ဘာစီလိုနာ၊

အက်သလက်တီကို မက်ဒရစ်နဲ့ပေါ်တိုတို့လည်း သရေပွဲတွေချည်းဖြစ်ခဲ့ပါတယ်။ အာဆင်နယ်ကတော့ အိမ်ကွင်းမှာ ရိုးမားကို တစ်ဂိုး-ဂိုးမရှိနဲ့အနိုင်ရပြီး ထူးထူးခြားခြား အောင်ပွဲခံနိုင်ခဲ့ပါတယ်။

သက်သာရာရ

လက်ရှိ ချန်ပီယံမန်ယူကို အနိုင်ကစားမယ်လို့ ကြွေးကြော်ထားတဲ့ အင်တာမီလန်ဟာ ဂိုးမရှိ သရေကစားခဲ့တာကြောင့် အိမ်ရှင် မော်ရင်ဟိုဟာ အသာစီးမရခဲ့ပါဘူး။ စီရော်နယ်ဒိုရဲ့ အလွတ် တည်ကန်ဘောတွေနဲ့ ဂစ်ရဲ့ အပိုင်ကန်သွင်းချက်တွေကို အင်တာမီလန် ဂိုးသမားဆီဆာ ကာကွယ်သွားနိုင်ခဲ့လို့ အင်တာမီလန်တို့ သက်သာရာရခဲ့ခြင်း ဖြစ်ပါတယ်။

တိုက်စစ်မှာ ဘာဘာတော့ဗ်တစ်ဦး တည်းတင်ပြီး စီရော်နယ်ဒို၊ ဂစ်၊ ဖလက်ချာ၊ ပတ်ဂျီဆန်နဲ့ ကာရစ်တို့ကို ဝိုင်းရံစေခဲ့တာမို့ အင်တာမီလန်ဂိုးပေါက်ကို အကြိမ်ကြိမ် ခြိမ်းခြောက်နိုင်ခဲ့ပါတယ်။ မန်ယူခံစစ်မှာ အီဗန်ခြေစွမ်းပြနိုင်ခဲ့ပါတယ်။ အင်တာမီလန်ကတော့ အက်ဒရီယာနိုနဲ့ အီဗရာဟီမိုဗစ် တိုက်စစ်အတွဲကို ပွဲထုတ်ခဲ့ပေမယ့် မန်ယူကို ထိထိရောက်ရောက်တော့ မခြိမ်းခြောက်နိုင်ခဲ့ပါဘူး။ ဒါကြောင့် ဂိုးမရှိ သရေပွဲဖြစ်ခဲ့တာပါပဲ။

သရေပွဲဖြစ်ခဲ့

ဒီပွဲနဲ့ ပတ်သက်ပြီး မန်ယူနည်းပြ ဖာဂူဆန်က “ဒီပွဲမှာ ကျွန်တော်တို့ အနည်းဆုံး နှစ်ဂိုးလောက် ရသင့်ပါတယ်။ အခု သရေပွဲဖြစ်ခဲ့ပေမယ့် အိုးထရက်ဖို့ဒ်မှာ အံ့သြဖွယ်ရာရလဒ်နဲ့ နိုင်ပွဲရတာကို မြင်တွေ့ကြရမှာပါ”လို့ ပြောကြားခဲ့ပါတယ်။

အနိုင်ကစား

အင်တာမီလန်နည်းပြ မော်ရင်ဟို ကတော့ “အနိုင်ရမယ်လို့ မျှော်လင့်ထားတဲ့ ပွဲပါ။ မန်ယူခြေစွမ်းက ကျွန်တော်တို့အတွက် နိုင်ပွဲရသင့်တဲ့ အနေအထားပါပဲ။ အခုတော့ အိုးထရက်ဖို့ဒ်မှာပဲ အနိုင်ကစားရတော့မှာပါ”လို့ ပြောကြားခဲ့ပါတယ်။

အာဆင်နယ်နဲ့ ရိုးမားတို့ပွဲမှာလည်း အစဉ်အလာတစ်ရပ်လိုဖြစ်နေတဲ့ အီတလီအသင်းတွေကို အမြဲတမ်း နိုင်ပွဲရလေ့ရှိတဲ့ အာဆင်နယ်ဟာ ဒီပွဲမှာ ဗန်ပါစီရဲ့ ပယ်နယ်တီဂိုးနဲ့ အနိုင်ရရှိခဲ့လို့ မှတ်တမ်းမပျက်ခဲ့ပါဘူး။ ဒီပွဲမှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပြီးနောက် နည်းပြအာစင်ဝင်းဂါးက “တစ်ဂိုးထက် ပိုမိုရသင့်တဲ့ပွဲပါပဲ။ ဒါပေမယ့် ဒီရလဒ်ဟာ ကျေနပ်စရာပါ။ အဝေးကွင်းမှာ ဒီထက် ဂိုးသွင်းဖို့တော့ ဆက်ကြိုးစားရမှာ ဖြစ်ပါတယ်”လို့ ပြောကြားသွားပါတယ်။ ရိုးမားမှာ တော့တီနဲ့ ဒီရော့ဆီတို့ ပါဝင်ကစားခဲ့ပေမယ့် အာဆင်နယ်ရဲ့ ကစားကွက်ကို မထိန်းချုပ်နိုင်လို့ ချေပဂိုးမသွင်းယူနိုင်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့ရခြင်း ဖြစ်ပါတယ်။

လိုင်ယွန်နဲ့ ဘာစီလိုနာတို့ပွဲမှာ အိမ်ရှင်လိုင်ယွန်တို့က ပွဲအစခုနစ်မိနစ်မှာပဲ ဂျူနင်ဟိုရဲ့အလွတ်တည်ကန်ဘောဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် ၆၇မိနစ်မှာ အွန်နရီက ချေပဂိုးသွင်းခဲ့လို့ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့တာပါ။ ဘာစီလိုနာ နည်းပြ ဂွာဒီရိုလာကတော့ “အနိုင်ရသင့်တဲ့ပွဲပါပဲ။ ကျွန်တော့် တိုက်စစ်မှူးတွေ ဆန္ဒစောနေတာရယ်နဲ့ လိုင်ယွန်တို့

ကစားပုံ ကောင်းလွန်းတာလည်း ပါဝင်တာမို့ သရေပွဲ ဖြစ်ခဲ့တာပါ။ တစ်ဂိုးစီ သရေပွဲဆိုတော့ ဒုတိယအကျော့အိမ်ကွင်းမှာ ကျွန်တော်တို့ အသာစီးရအောင် ကစားပြီး အောင်ပွဲခံနိုင်မှာ သေချာပါတယ်”လို့ ပြောကြားသွားခဲ့ပါတယ်။

အက်သလက်တီကိုနဲ့ ပေါ်တိုလည်း နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပြီး အိမ်ရှင် အက်သလက်တီကိုက နှစ်ဂိုးစလုံး ဦးဆောင်သွင်းယူနိုင်ခဲ့တာပါ။ ပေါ်တိုတို့ ချေပဂိုးတွေ လိုက်သွင်းပြီး သရေပွဲဖြစ်ခဲ့လို့ ပေါ်တိုကွင်းမှာတော့ ကျွန်တော်တို့ အသာစီးရမှာ သေချာနေပါတယ်လို့ ပေါ်တိုနည်းပြက ပြောကြားသွားပါကြောင်း။ ။

ကိုးကား-အင်တာနက်

ဒဗလျူဘီအိုဝယ်လ်တာဝိတ်သရဖူ ပွာတိုရီတိုမှ ကော့တိုဆွတ်ခူးနိုင်ခဲ့

လန်ဒန် ဖေဖော်ဝါရီ ၂၅

လစ်လပ်နေသော ဒဗလျူဘီအိုဝယ်လ်တာဝိတ်သရဖူလုပွဲကို ဖေဖော်ဝါရီ ၂၂ရက်က အမေရိကန်နိုင်ငံ ဝစ္စကွန်ဆင်ပြည်နယ်မြို့တော် မက်ဒီဆန်မြို့ရှိ အပန်းဖြေဥယျာဉ်အတွင်း၌ ကျင်းပခဲ့ရာ ပွာတိုရီကိုလက်ဝှေ့ကျော် မီဂူယယ်ကော့တိုက ဗြိတိသျှလက်ဝှေ့ကြယ်ပွင့် မိုက်ကယ်ဂျင်နင်အား ပဉ္စမအချီတွင် အနိုင်ထိုးသတ်ကာ သရဖူကို ရယူနိုင်ခဲ့သည်။

ကော့တိုသည် အစပိုင်းတွင် အထနှေးသော်လည်း ဒုတိယပွဲစဉ်တွင် ပြိုင်ဘက်၏ ခန္ဓာ ကိုယ်ပျော့ကွက်နေရာများအား တရစပ်ထိုးသတ်ကာ ပြိုင်ပွဲကို စိုးမိုးနိုင်ခဲ့ပြီး သရဖူရယူနိုင်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

၂၀၁၂ခုနှစ်အိုလံပစ်၌ အမျိုးသမီး လက်ဝှေ့ထည့်သွင်းရေး လာမည့် အောက်တိုဘာလ၌ ဆုံးဖြတ်မည်ဟုဆို

လန်ဒန် ဖေဖော်ဝါရီ ၂၅

အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲကို ၂၀၁၂ခုနှစ်တွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ကျင်းပမည့် အိုလံပစ်အားကစားပွဲတော်တွင် ပွဲဦးထွက် ထည့်သွင်းယှဉ်ပြိုင်ဖွယ်ရှိကြောင်း သတင်း၌ ဖော်ပြသည်။ နိုင်ငံတကာအိုလံပစ်ကော်မတီ(အိုင်အိုစီ) တွင် ယင်းအမျိုးသမီး လက်ဝှေ့ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ခွင့်ရရေးကို အတည်ပြုရန် အပျော်တမ်းအားကစားအဖွဲ့က မဲခွဲဆုံးဖြတ်ခဲ့ပြီး လာမည့် အောက်တိုဘာလတွင် ဆုံးဖြတ်မည်ဖြစ်သည်။

(အင်တာနက်)

ဗြိတိန် အင်ဒေါဂရင်းပရက်စ် ပြေးခုန်ပစ်ပြိုင်ပွဲ၌ မိုဖာရက်ချ် စံချိန်သစ်တင်နိုင်ခဲ့

လန်ဒန် ဖေဖော်ဝါရီ ၂၅

ပြေးခုန်ပစ် အားကစားသမား မိုဖာရက်ချ်သည် ဖေဖော်ဝါရီ၂၁ရက်က ဘာမင်ဂမ်မြို့တွင် ကျင်းပသည့် ဗြိတိန် အင်ဒေါဂရင်းပရက်စ် ပြေးခုန်ပစ်ပြိုင်ပွဲ၌ မီတာ ၃၀၀၀ အပြေးပြိုင်ပွဲတွင် ၎င်း၏ မူလဗြိတိသျှစံချိန်ထက် ခြောက်စက္ကန့် ထပ်မံလျော့ကာ စံချိန်ချိုးနိုင်ခဲ့သည်။

ဖာရက်ချ်သည် မီတာ ၃၀၀၀ ကို ၇မိနစ် ၃၄ဒသမ ၄၇စက္ကန့်အတွင်းပြေးကာ

ကင်ညာနိုင်ငံမှ အပြေးသမား ရက်ဒ်ရက်ခ်ကိုရီ၏ စံချိန်ထက်လည်း လေးစက္ကန့် လျော့နည်းပြီး စံချိန်ချိုးနိုင်ခဲ့သည်။ (အင်တာနက်)

ပြေးခုန်ပစ်အားကစားသမား ချန်ဘာအား ဂရိတ်ဗြိတိန်အသင်းတွင် စာရင်းသွင်း

လန်ဒန် ဖေဖော်ဝါရီ ၂၅

လာမည့် မတ်ဖရက်မှ ၈ရက်အထိ တူရင်မြို့တွင် ကျင်းပမည့် ဥရောပအင်ဒေါချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲ၌ ဂရိတ်ဗြိတိန်အသင်း၌ ဒွါအင်ချန်ဘာအား စာရင်းသွင်းထားကြောင်း သတင်း၌ ဖော်ပြသည်။ တိုင်ရိုနီအက်ဒွပ် ဒဏ်ရာရရှိနေမှုကြောင့် ယင်းပြေးခုန်ပစ်ပြိုင်ပွဲ၌ မီတာ၆၀ပြိုင်ပွဲတွင် ကရစ်ပစ်ကာရင်၊ ဆီမီယွန်ဝီလီယမ်ဆန်တို့သည် ချန်ဘာနှင့်အတူ ရွှေတံဆိပ်ဆုဆွတ်ခူးရန် ရေပန်းစားလျက်ရှိသည်။ ကယ်လီဆိုသာတန်သည် အားကစားခုနစ်မျိုး ပါဝင်သော ဟက်တာသလွန်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ကြံ့ခိုင်မှုပြည့်ဝလာပြီဖြစ်သည်။ သို့သော်လည်း သုံးဆင့်ခုန် အားကစားသမား ဖိလစ်အိုင်ဒိုဂူသည် ယင်းပြေးခုန်ပစ်ပြိုင်ပွဲနှင့် လွဲချော်မည်ဖြစ်သည်။

(အင်တာနက်)

လက်ဝှေ့ကျော် ကယ်လီပက်ဗ်လစ်ခ် ရှုဘီယိုအား အနိုင်ထိုးသတ်ပြီး သရဖူ ကာကွယ်

လန်ဒန် ဖေဖော်ဝါရီ ၂၅

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၁ရက်က ကယ်လီပက်ဗ်လစ်ခ်သည် မက္ကဆီကိုလက်ဝှေ့သမား အန်တိုနီယိုရှုဘီယိုအား ကိုးချီတွင် အနိုင်ထိုးသတ်ပြီးနောက် ၎င်း၏ ဒဗလျူဘီစီနှင့် ဒဗလျူဘီအို မစ်ဒယ်ဝိတ် သရဖူနှစ်ခုကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

ပက်ဗ်လစ်ခ်သည် ၂၀၀၈ခုနှစ် အောက်တိုဘာလက ၎င်း၏ ဇာတိမြို့ဖြစ်သည့် အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် ရမ်းတောင်း၌ လက်ဝှေ့ကျော် ဘားနတ်ဟော့ပ်ကင်းအား ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်းတွင် ယခုပွဲစဉ်သည် ပထမဦးဆုံး ယှဉ်ပြိုင်ထိုးခဲ့သည့် ပွဲစဉ်ဖြစ်သည်။

(အင်တာနက်)

ချစ် စိုး နိုင် စု စည်း ရေး သား သည်

ဆရာဝန်အသင်းသင်တန်းပို့ချမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေးယူနစ်(CME) မှ အထွေထွေရောဂါကု ဆရာဝန်များအတွက် Common Clinical Problems (2009)သင်တန်းကို လာမည့် ဧပြီ ၄ရက်မှ ဇွန် ၂၁ရက်အထိ စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ သင်တန်းပို့ချမည် ဖြစ်သည်။

သင်တန်းတွင် ပါဝင်ကူညီကြမည့် ဆေးကုမ္ပဏီများကို တွေ့ဆုံဆွေးနွေးလိုပါသဖြင့် မတ် ၄ရက် မွန်းလွဲ၁နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)သို့ ကြွရောက်ကြပါရန်နှင့် သင်တန်းတက်ရောက်လိုသော ဆရာဝန်များသည် မတ် ၂၄ရက်မှ ၂၅ရက်အတွင်း နံနက် ၁၀နာရီမှ ညနေ ၃နာရီအထိ တက်ရောက်မည့်သူကိုယ်တိုင် လိုင်စင်ဓာတ်ပုံ လေးပုံဖြင့် စာရင်းသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဝန်ကြီးရုံး
တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးရုံးတွင် ဂါလန်၁၀၀၀၀ဆံ့ သံကူကွန်ကရစ် အုတ်ရေကန်နှစ်လုံးနှင့် ရေကျော်ဆောက်လုပ်ရန်အတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရုံးအမှတ်(၂၁) နေပြည်တော်တွင် ချိပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့်တန်ဖိုးကို (B.Q) နှင့်တကွ ပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ တင်ဒါပုံစံများကို ၂၆-၂-၂၀၀၉ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ချိပ်ပိတ်တင်ဒါများကို ၆-၃-၂၀၀၉ရက် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၄။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါတင်သွင်းသူမှ လိုက်နာရန် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ငွေစာရင်းဌာန
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန (ဝန်ကြီးရုံး)
ရုံးအမှတ်(၂၁)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၄၄၅၅၊ ၀၆၇-၄၀၄၁၈၁၊ ၀၆၇-၄၀၄၄၅၉။

ဥသျှစ်ပင်-ကံမ ရထားလမ်းပိုင်း ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဥသျှစ်ပင်-ကံမရထားလမ်းပိုင်း ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ရထား)

ဥဒုရာသီ တောက်မှီ၏

ဥသျှစ်ပင်-ကံမ-သရက်-မင်းဘူး ရထားလမ်းပိုင်း
ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး
သတ်မှတ်ချိန်ပြီးစီးအောင် ဆောင်ရွက်ရေးမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၂ရက်တွင် ဥသျှစ်ပင်-ကံမရထားလမ်းပိုင်းရှိ ပန်းတောင်းဘူတာတည်ဆောက်ပြီးစီးမှု၊ ယာဒ်ဝင်းအတွင်း သံလမ်းများခင်းကျင်းထားမှု၊ ဇလီဖားတုံးနှင့်ကျောက်ဖြည့်တင်းထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်ဝန်ကြီးနှင့်အဖွဲ့သည် RBE အထူးရထားဖြင့် ညောင်ကိုင်းဘူတာအထိ ရထားလမ်းသစ်ကို သံလမ်းခင်းကျင်းထားမှု၊ ဇလီဖားတုံးနှင့် ကျောက်ဖြည့်တင်းထားမှု၊ သံလမ်း Level ညီ မညီ၊ ရထားလမ်းကွေ့များ သတ်မှတ်ဒီဂရီနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိမရှိနှင့် အထူးရထား စမ်းသပ် မောင်းနှင်ခြင်းအား စီးနင်းလိုက်ပါ၍ ရထားလမ်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာပြီး ဒါန်းကိုင်းရွာအနီး၌ ဥသျှစ်ပင်-ကံမ ရထားလမ်းသစ်ကို ဇလီဖားတုံးထည့်သွင်းခြင်းနှင့် ကျောက်ဖြည့်တင်း ဆောင်ရွက်နေခြင်းတို့ကို ကြည့်ရှုစစ်ဆေးကြပြီး လုပ်ငန်းဆောင်ရွက်နေသော ဝန်ထမ်းများအား ဝန်ကြီးက ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ဂုဏ်ပြုချီးမြှင့်

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆက်လက်ထွက်ခွာလာရာ ကညင်တိုင်း ကျေးရွာအနီး မြန်မာ့မီးရထားမှ သံလမ်းခင်းခြင်း၊ကျောက်ဖြည့်ခြင်း၊ ဇလီဖားတုံး အပေါက်ဖောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီးက သတ်မှတ်ချိန်ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြား၍ ဝန်ထမ်းများအတွက် ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကံမမြို့အနီး ဆောက်လုပ်လျက်ရှိသော မဒေးချောင်းတံတားသို့ ရောက်ရှိပြီး တံတားအနီး မြေထိန်းနံရံများ ဆောင်ရွက်ထားရှိမှု၊ တံတားကြံ့ခိုင်မှု၊ တံတားလက်ရန်းများ တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

မင်းတုန်းချောင်းတံတား

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကံမဘူတာသို့ ရောက်ရှိပြီး ကံမဘူတာအဝင်လမ်းနှင့် ဘူတာတည်ဆောက်ပြီးစီးမှု၊ ခရီးသည်နားနေဆောင်၊ ဘူတာယာဒ်ဝင်းနှင့် အရိပ်ရပင်များ စိုက်ပျိုးထားရှိမှုနှင့် ဝန်ထမ်းနေအိမ်တည်ဆောက်ပြီးစီးမှု၊ ကံမ-သရက်လမ်းပိုင်းရှိ မင်းတုန်းချောင်း တံတားတည်ဆောက် ပြီးစီးမှုနှင့် ကံမ-သရက် ရထားလမ်းသစ်ဖောက်လုပ်ထားသည့် လမ်းအူကြောင်းအတိုင်း မြေသားတာပေါင်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့အား တာဝန်ရှိသူများက သရက်နှင့်ပွင့်ဖြူအကြား ကျားကိုက်တောင်ကြား၌ ရထားလမ်းသစ်ကို စက်ယန္တရားများဖြင့် မြေသားလုပ်ငန်းဆောင်ရွက်နေမှု၊ သရက်-မင်းဘူးကြားရှိ ဆိုင်စု-အင်းမလမ်းပိုင်း ရထားလမ်းသစ် ဖောက်လုပ်ပြီးစီးမှု၊ သရက်-မင်းဘူး-ပွင့်ဖြူရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းပြီးစီးမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးနှင့်ဒုတိယဝန်ကြီးတို့ကလိုအပ်သည်များ ဖြည့်ဆည်းပေးပြီး မင်းဘူးအထိ ရထားလမ်းသစ်ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရန်ကုန်မြို့ အခြေစိုက် ဂျပန်နိုင်ငံ မစ်ဆူဘီရှီကော်ပိုရေးရှင်းမှ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသို့ လှူဒါန်းသော KENWOOD အမျိုးအစား ကြိမ်နှုန်းမြင့် အသံလွှင့်/ အသံဖမ်းစက်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသို့ ဂျပန်နိုင်ငံ မစ်ဆူဘီရှီကော်ပိုရေးရှင်းမှ KENWOOD အမျိုးအစား ကြိမ်နှုန်းမြင့်အသံလွှင့်/အသံဖမ်းစက် အလုံး ၄၀ ပေးအပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ရန်ကုန်မြို့အခြေစိုက် ဂျပန်နိုင်ငံ မစ်ဆူဘီရှီကော်ပိုရေးရှင်းမှ ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသို့ KENWOOD အမျိုးအစား ကြိမ်နှုန်းမြင့် အသံလွှင့်/အသံဖမ်းစက် အလုံး ၄၀ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မစ်ဆူဘီရှီကော်ပိုရေးရှင်းမှ အထွေထွေမန်နေဂျာ Mr. K. Karagiri နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အထွေထွေမန်နေဂျာ Mr. K. Karagiri က ကြိမ်နှုန်းမြင့်အသံလွှင့်/ အသံဖမ်းစက် အလုံး ၄၀ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဝန်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အထွေထွေမန်နေဂျာ Mr. K. Karagiri က ကြိမ်နှုန်းမြင့် အသံလွှင့်/အသံဖမ်းစက် အလုံး ၄၀ ကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသို့ ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းလွင်က လက်ခံသည်။

ထို့နောက် ဝန်ကြီးသည် မစ်ဆူဘီရှီကော်ပိုရေးရှင်းမှ လှူဒါန်းသည့် ကြိမ်နှုန်းမြင့် အသံလွှင့်/ အသံဖမ်းစက် အလုံး ၄၀ ကို ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာက ရှင်းလင်းပြသသည်။

ယင်းကြိမ်နှုန်းမြင့် အသံလွှင့်/အသံဖမ်းစက်များကို မြန်မာ့ကမ်းရိုးတန်းဒေသများဖြစ်သော ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းအတွင်းရှိ မိုးလေဝသနှင့် ဇလဗေဒစခန်းများတွင် တိုးချဲ့တပ်ဆင်သွားမည်ဖြစ်သည်။

အထောက်အကူပြု

ကြိမ်နှုန်းမြင့် အသံလွှင့်/အသံဖမ်းစက်များ တပ်ဆင်ခြင်းအားဖြင့် နေ့စဉ် မိုးလေဝသအချက်အလက်များကို နေပြည်တော်၊ ရန်ကုန်ရှိ ခန့်မှန်းရေးဗဟိုဌာနများသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်သတင်းပေးပို့နိုင်မည့်အပြင် ဆိုးရွားသည့် မိုးလေဝသအခြေအနေများ၊ ဆိုင်ကလုန်းမုန်တိုင်း၊ မုန်တိုင်းဒီရေ၊ ရေကြီးခြင်းနှင့် ဆူနာမီလှိုင်း ဖြစ်ပေါ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များအတွက် သတိပေးချက်များ ထုတ်ပြန်ပေးသည့် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ကြိုတင်သတိပေးစနစ်ကိုလည်း ထိရောက်စွာ အထောက်အကူပြုစေမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မသုံးတတ်ကြ မီးရန်က ဒုက္ခပေးလိမ့်မည်



ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်။

မုဒုံမြို့ စာစင်းလမ်းမကြီး မူလတန်းကျောင်း တတိယအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပ

မုဒုံ ဖေဖော်ဝါရီ ၁၅

မုဒုံမြို့ စာစင်းလမ်းမကြီး အခြေခံပညာမူလတန်းကျောင်း၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မုဒုံမြို့ စာစင်းလမ်းမကြီး အခြေခံပညာမူလတန်းကျောင်း၌ ဖေဖော်ဝါရီ ၈ရက် နံနက်၁၀နာရီက ကျင်းပသည်။

တက်ရောက်

အာစရိယပူဇော်ပွဲသို့ မုဒုံမြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်သန်းအေးနှင့် တတိယအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး ဦးမင်းသောင်းဟန်နှင့် ဆရာ ဆရာမများ၊ ကန်တော့ခံအငြိမ်းစား မြို့နယ်ပညာရေးမှူး၊ လက်ထောက်မြို့နယ် ပညာရေးမှူးနှင့် အငြိမ်းစားဆရာကြီး ဆရာမကြီးများ စုစုပေါင်း၁၁ဦး အပါအဝင် ကျောင်းသားဟောင်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌကျောင်းအုပ်ဆရာကြီး ဦးမင်းသောင်းဟန်က ပူဇော်ရခြင်းနှင့်ပတ်သက်၍ရှင်းလင်းတင်ပြပြီး ကန်တော့ခံဆရာကြီး ဆရာမကြီးများအား လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ပြောကြား

အပူဇော်ခံ ဆရာကြီး ဆရာမကြီးများကိုယ်စား အငြိမ်းစား မြို့နယ်ပညာရေးမှူး ဆရာကြီးဦးစောကွယ်ထူးက သြဝါဒစကားပြန်လည်ပြောကြားသည်။

(ပညာရေး)

ပညာအလင်းပြ စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ လေးမျက်နှာမြို့၌ ကျင်းပ

လေးမျက်နှာ ဖေဖော်ဝါရီ ၁၉

လေးမျက်နှာမြို့နယ် ကညင်သောင်အုပ်စု ကုန်းကြီးကျေးရွာ ပညာအလင်းပြ စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၉ရက် နံနက်၉နာရီက အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဇောလှနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးတင်ရွှေတို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်လဝကဦးစီးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့ကစာအုပ်၊စာစောင်များနှင့် စာကြည့်တိုက်အတွက် အလှူငွေများ လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က လက်ခံယူသည်။

အဆိုပါ ပညာအလင်းပြစာကြည့်တိုက် အဆောက်အအုံကို ငွေကျပ်၃၅သိန်းဖြင့် အကုန်အကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ (၁၇၇)

ရောဝတီတိုင်း ပြန်/ဆက်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေး

ပုသိမ် ဖေဖော်ဝါရီ ၂၀

ဧရာဝတီတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ထပ်ဆင့်ရှင်းလင်းပွဲ၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ ရက်တို့က ဧရာဝတီတိုင်းရုံး ပုသိမ်မြို့၌ ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ မှာကြားချက်များဖြစ်သည့် ဝန်ကြီးဌာန၏ ၂၀၀၉-၂၀၁၀ ရည်မှန်းချက်တာဝန်များ၊ ဦးစီးဌာနအတွက်ချမှတ်ပေးသည့် လုပ်ငန်းတာဝန်(၁၁)ရပ်၊ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးလုပ်ငန်းစံ(၅)ရပ်နှင့်အညီဆောင်ရွက်ရေး၊ စာဖတ်သူတိုးပွားရေး၊ စာဌာနကတ်စနစ်ကျင့်သုံးလိုက်နာရေး၊ ဝန်ထမ်းများ အရည်အသွေးမြင့်မားရေး စသည့်ညွှန်ကြားချက်များကို အကျယ်တဝင့် ထပ်ဆင့်ရှင်းလင်းပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ခရိုင် ဦးစီးအရာရှိများနှင့် မြို့နယ်ဦးစီးမှူးများက လုပ်ငန်းများဆောင်ရွက်နေမှုများ၏ တင်ပြချက်များအပေါ် လက်ထောက်ညွှန်ကြားရေးမှူးကလိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး**(အပေါ်ပုံ)** အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

လှည်းကူးမြို့နယ် မြို့မဈေးကြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အဖွဲ့ဝန်ထမ်းများ၊ ဈေးသာယာရေးအဖွဲ့ဝင်များနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်းပြီး ဈေးပိုင်မီးသတ်စက်များဖြင့် သရုပ်ပြခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်းတို့ကို ဇန်နဝါရီ ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးသန့်ဇင်၊ ဒုတိယဦးစီးမှူး ဒေါ်တင်တင်ကြိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသူတို့ ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)



အကြိမ်(၈၀)ပြည့် သွေးလှူဒါန်း



ရန်ကုန် ဖေဖော်ဝါရီ ၂၅

တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက် မိဂသီ ၂၁လမ်း အမှတ်၁၈၆/ခ နေ ဦးတင်ဦး**(အပေါ်ပုံ)**သည် ဖေဖော်ဝါရီ ၁၈ရက်က ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီးရှိ အမျိုးသားသွေးလှူဘဏ်တွင် အကြိမ်(၈၀)ပြည့် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



ဟုမ္မလင်းမြို့ မြို့မဈေး မီးဘေး ကြိုတင်ကာကွယ်ရေးအတွက်ဈေးအတွင်း တပ်ဆင်ထားသော မီးသတ်စက်များ ကြံ့ခိုင်မှုရှိစေရေးအတွက်အဖွဲ့ဝန်ထမ်းများ လက်တွေ့မီးငြိမ်းသတ်ခြင်းဇာတ်တိုက် လေ့ကျင့်မှုကို ဇန်နဝါရီ ၃၀ရက်က မြို့မဈေး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဒီပဲယင်းမြို့၌ စာပေဟောပြော

ဒီပဲယင်း ဖေဖော်ဝါရီ ၁၅

ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အစီအစဉ်ဖြင့် စာပေဟောပြောပွဲကို ဇန်နဝါရီ၃ရက် မွန်းလွဲ ၁ နာရီက စိုင်ပြင်အထက်တန်းကျောင်းခွဲ၌ ကျင်းပရာ စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)၊ လယ်တွင်းသားစောချစ်နှင့် ချစ်ဦးညိုတို့က စာပေရေးရာများ ဟောပြောခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ညောင်တုန်း၌ ငါးမြစ်ချင်းမျိုးများ စုဆောင်း

ညောင်တုန်း ဖေဖော်ဝါရီ ၅

ညောင်တုန်းမြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းတင်သည် အရည်အသွေးပိုမိုကောင်းမွန်သော ငါးမြစ်ချင်းငါးများ ရရှိစုဆောင်းနိုင်ရေး မွေးမြူရေးကန်များသို့ ဇန်နဝါရီ၂၇ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆောင်ရွက်

ညောင်တုန်းမြို့နယ် ထိပ်ဝကြီးထုံးတင်ဒါချက်အတွင်းမှ ငါးမြစ်ချင်းမျိုးများနှင့် ငါးအရွယ်မျိုးစုံ ၃၀ကျပ်သားမှ တစ်ပိဿာအထိ ရရှိနေပြီဖြစ်၍ မအူပင်ခရိုင်အတွင်းရှိ ငါးလုပ်ငန်း စခန်းများသို့ ဆက်သွယ်၍ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

သတ်မှတ်

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးမြစ်ချင်းမျိုး မြှင့်ခြင်းလုပ်ငန်းကို ဇောက်ချကာ ဦးစားပေးအဆင့် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)(မွေး/ရေ)

အမြို့မြို့ အနယ်နယ် သတင်းများ

တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ကျောက်တံခါးမြို့၌ ဆောင်ရွက်

ကျောက်တံခါး ဖေဖော်ဝါရီ ၈

ကျောက်တံခါးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပညာရေးကော်မတီတို့၏ အစီအစဉ်ဖြင့် မြို့နယ်အတွင်းရှိ အထက၊ အထက ကျောင်းခွဲ၊ တွဲဖက်အထကများ ၂၀၀၈-၂၀၀၉ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး၊ ဘာသာရပ်အလိုက် အမှတ်ပေး စည်းကမ်းနှင့်အညီ ဖြေဆိုနိုင်ရေးအတွက် တက္ကသိုလ်မှ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိကဆရာ ဆရာမကြီးများ၏ စာမေးပွဲလမ်းညွှန်သင်ကြားပို့ချမှုကို ဖေဖော်ဝါရီ၁ရက်က မြို့နယ်စည်ပင်သာယာခန်းမ၌ကျင်းပရာ မြို့နယ်အတွင်းရှိ ကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၁၀၅၀နှင့် ဆရာ ဆရာမများ၊ မြို့နယ်အတွင်း ပြင်ပဘာသာရပ်သင် ဆရာ ဆရာမများ တက်ရောက်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မော်လိုက်မြို့၌ ဆင်အိုင်ရိုး ရေထိန်းတံခါးဖွင့် မိုးစပါးနှင့်နွေစပါး ဧက၁၀၀ တိုးချဲ့စိုက်ပျိုးနိုင်

မော်လိုက် ဖေဖော်ဝါရီ ၁၅

မော်လိုက်ခရိုင် မော်လိုက်မြို့နယ် ကင်းတပ်ကျေးရွာအုပ်စု မော်လိုက်ခလေးကျေးရွာ ဆင်အိုင်ရိုးရေထိန်းတံခါးဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၂၂ရက် နံနက် ၉နာရီက မော်လိုက်ခလေးကျေးရွာ ဆင်အိုင်ရိုး ရေလှောင်တမံ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိဦးကျော်ညွှန့်က ဆင်အိုင်ရိုး ရေတံခါးတည်ဆောက်ထားရှိမှု ရည်ရွယ်ချက်များကို ရှင်းလင်းသည်။

ထို့နောက် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိနှင့် ကင်းတပ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ဆင်အိုင်ရိုးရေလှောင်တမံသည် မိုးစပါးနှင့် နွေစပါး ဧက၁၀၀ကို တိုးချဲ့စိုက်ပျိုးနိုင်သည့်အပြင် အစားထိုးသီးနှံဖြစ်သည့် ပန်းဂေါ်ဖီ၊ ပင်ထောင်ခရမ်းချဉ်နှင့် အခြားရေလိုအပ်သည့် သီးနှံပင်များပါ အကျိုးပြုဖြစ်ထွန်းနိုင်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

FATHER LAND CONSTRUCTION & DECORATION

[illegible]

FATHER LAND

DVD, 21" TV, 29" TV, 32" TV (LCD)

Air-Con, Digital Camera

GSM

ဆက်သွယ်ရန် [illegible]

အမည်ပြောင်း

အဖ ဦးခင်မောင်ရီ၏ သား အမက(၂)ကမာရွတ် Grade 3 A₃မှ မောင်ဟိန်းဇော်(ခ)မောင်ဝေရန်လင်း အားမောင်ဇေယျာရဲထက်ဟုပြောင်းလဲခေါ်ပါရန်။ **မောင်ဇေယျာရဲထက်။**

အမည်ပြောင်း

အဖ ဦးအောင်ကိုလင်း၏ သား အမက(၂)ကမာရွတ် Grade 2 A₃မှ မောင်ဖြိုးဝေအောင်အား မောင်စည်သူဟိန်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စည်သူဟိန်းမြတ်။**

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

ကျန်းမာရေးဝန်ကြီးဌာန
တိုင်းရင်းဆေးပညာဦးစီးဌာန
တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်တွင် ဆိုင်ခန်းများ ငှားရမ်းမည်ဖြစ်သဖြင့် ဆိုင်ခန်းများ ငှားရမ်းလိုသူများထံမှ ချိပ်ပိတ်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်း အသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄) နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍သော် လည်းကောင်း၊ ဖုန်းအမှတ်-၀၆၇-၄၁၁၃၆၄ ညွှန်ကြားရေးမှူး (ဆေးဝါး/ဥယျာဉ်)သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါစည်းကမ်းနှင့် ဆိုင်ခန်းငှားရမ်းခ ဈေးနှုန်းတင်သွင်းလွှာများကို ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကျန်းမာရေး ဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄) နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ သတ်မှတ်ရက်ထက် နောက်ကျသော တင်သွင်းလွှာများကို ဆောင်ရွက်ပေးမည် မဟုတ်ပါ။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့။

အမည်ပြောင်း

အဖ ဦးစိုင်းမောင်မောင် ၁၃/ကမန(နိုင်) ၀၀၄၁၈၆ ၏သမီး ကျောက်မဲမြို့ အထက(၁) အဋ္ဌမတန်း (A)မှ နန်းဆုမြတ်မွန် ၁၃/ကမန(နိုင်)၀၉၇၉၃၂ အား ယနေ့မှစ၍ နန်းကြည်ဖြူခင်ဟု ပြောင်းလဲခေါ်ပါရန်။
နန်းကြည်ဖြူခင် ၁၃/ကမန(နိုင်) ၀၉၇၉၃၂။

အိမ်ရောင်းမည်

၃၄ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ လောပိတမှတ်တိုင်အနီး၊ မ/ဒဂုံ ပေ(၄၀×၆၀)နှစ်ထပ်တိုက်၊ ရေ၊ မီးစုံ။
ဖုန်း-၀၉-၄၃-၃၂၀၂၃၉
၀၉-၅၁-၉၁၅၃၅။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ည/၅၀၈၈ CHEVROLET C60L Truck(4×2) ယာဉ် လက်ဝယ်ရှိသူ ဦးကျော်ထွေး(ခ)ထန်ပုအန် ၁၃/ကမန(နိုင်)၀၅၉၃၉၄က ယာဉ်မှတ်ပုံ တင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (ခရိုင်ရုံး) ကျောက်မဲမြို့။**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၈၁၉/က၊ မြေကွက်တည်နေရာ အမှတ် ၈၁၉/က၊ မာဃ(၁၀)လမ်း၊ ၁၂ရပ်ကွက်၊ တ/ဥ ဦးရွှေ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးရွှေကွယ်လွန်သဖြင့် ဒေါ်ရင်မြ ၁၂/ဥကတ(နိုင်) ၁၁၄၁၅၆ က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ (၁)အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်၊ (၂)လှူဒါန်းခြင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ပြွန်တန်ဆာအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပြွန်တန်ဆာအသင်း(ရန်ကုန်)၏ ၂၀၀၈ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၂ရက် နံနက် ၉ နာရီက ဒဂုံမြို့နယ် မဟာဝိဇယစေတီတော်အနီး ပို့ဆောင်ရေးဝန်ကြီးဌာန ဓမ္မာရုံကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့ အသင်းနာယကများ၊ အလုပ်အမှုဆောင်များ၊ ပြွန်တန်ဆာမြို့မှ အကျိုးဆောင်များ၊ အပူဇော်ခံသက်ကြီးဘိုးဘွားများ၊ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းသားများ၏ သားသမီးများနှင့် အသင်းသူ အသင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ အသင်းနာယကများနှင့် အသင်းဥက္ကဋ္ဌတို့က အမှာစကား ပြောကြားပြီး အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်သွင်းသည်။

ရွေးချယ်

ထို့နောက်(၇၅)နှစ်အထက် သက်ကြီးဘိုးဘွားများကို ပူဇော်ကန်တော့ပြီး ပညာရည်ချွန်ဆုများချီးမြှင့်ရာ အသင်းနာယကများနှင့် အမှုဆောင်များက တစ်ဦးချင်း ချီးမြှင့်ကြပြီး**(အပေါ်ဝဲပုံ)** ထို့နောက်အမှုဆောင်အဖွဲ့သစ် ရွေးချယ်၍ ဥက္ကဋ္ဌသစ်က အမှာစကားပြောကြားသည်။

(မြန်မာ့အလင်း)

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် အောင်ဆန်းပြည်သာယာ-တောင်ကုန်း ကျေးလက်မြေသားလမ်း ဖောက်လုပ်ခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးကြည်သန်းနှင့် လက်ထောက်အင်ဂျင်နီယာဦးလှမျိုးဝင်းတို့ လမ်းရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းနိုင်ရန် ကျေးရွာတာဝန်ရှိသူများထံ အပ်နှံစဉ်။ (မြို့နယ်စည်ပင်)

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်း အင်ဂျင်နီယာ(၂) မြို့ပြ ဦးဇော်စိုးမိုးအောင် ကြီးကြပ်၍ မြို့ပတ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဇန်နဝါရီ ၂၂ ရက်က အမှုဆောင် အရာရှိ ဦးဇော်ဝင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဒီဂျစ်တယ်အော်တိုအိတ်ချိန်းရုံး အဆောက်အအုံ ပင်းတယမြို့တွင် တည်ဆောက်နေ

ပင်းတယ ဖေဖော်ဝါရီ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် ပင်းတယမြို့နယ် ဒီဂျစ်တယ်အော်တိုအိတ်ချိန်းရုံး အဆောက်အအုံ တည်ဆောက်ပြီးစီးမှုအခြေအနေကို ဇန်နဝါရီ ၂၇ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လတ်နှင့် အဖွဲ့ဝင်များ လိုက်ပါ၍ အဆိုပါအဆောက်အအုံဆောက်လုပ်နေရာသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုသို့ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ဒီဂျစ်တယ်အော်တိုအိတ်ချိန်း ဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များက အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ အဆောက်အအုံသည် ဇန်နဝါရီ ၆ရက်မှ စတင်၍ တည်ဆောက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရပင်နှင့်ပန်းအလှပင်များ ပျိုးထောင်ခြင်း၊ ပျိုးအိတ်များအသစ်လဲလှယ်ခြင်း လုပ်ငန်းများကို ဖေဖော်ဝါရီ ၁၂ရက်က ဦးစီးမှူး(အခွန်) ဦးသန့်ဇင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၃) ဦးထွန်းထွန်းဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၁၅၂)

ရန်ကုန်မြို့သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ စည်းဝေး

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် မြို့တော်ခန်းမရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပသည့် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီအစည်းအဝေး(၃/၂၀၀၉)သို့ တက်ရောက်အမှာစကားပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာ၌ ရန်ကုန်မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပပြီး အဆင့်မြှင့်တင်ရန်လိုကြောင်း၊ သန့်ရှင်းပြီး အမြဲစိမ်းလန်းကာ ကျန်းမာရေးနှင့်ညီညွတ်သော မြို့ဖြစ်ရန် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပြည်သူများက ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ရန်ကုန်မြို့ဆင်ခြေဖုံးဒေသများ၌ ယာဉ်သွားလာမှုများပြားပြီး ဘတ်စ်ကားမှတ်တိုင်များ စနစ်တကျဆောက်လုပ်ပေးရန်နှင့် ပြည်သူများအကျိုးရှိစွာ အသုံးပြုနိုင်ရေး စနစ်တကျပါဝင်ဆောင်ရွက်သွားရန် လိုကြောင်း၊ နွေရာသီကာလတွင် အမှိုက်များအား အချိန်မီသိမ်းဆည်းရန်နှင့် မိုးမကျမီ ရန်ကုန်မြို့ရှိ အဓိကရေမြောင်းများအား ဆယ်တင်ရှင်းလင်းသွားရန်လိုကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ❒

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ အစည်းအဝေး(၃/၂၀၀၉)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လိပ်ပြာတောင်ပံအရွယ်ရှိ နေစွမ်းအင်ခံပြားမှ ဓာတ်အားထုတ်ယူနိုင်မည်

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက် | စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး (မြန်မာ့အလင်း)

သဘာဝတရားမှပေးထားသော စွမ်းအင်များကို အပြည့်အဝ ထုတ်ယူသုံးစွဲနိုင်ရန် နည်းလမ်းမျိုးစုံဖြင့် သုတေသနပြု ကြိုးစားအကောင်အထည်ဖော်လျက်ရှိရာ ယခုအခါ လိပ်ပြာများ၏ တောင်ပံပေါ်သို့ ကျရောက်သည့် နေစွမ်းအင်များကို သတိပြုမိပြီး လိပ်ပြာတောင်ပံအရွယ် ဆိုလာပြားများကို အသုံးပြုလျက် လျှပ်စစ်ဓာတ်အားထုတ်ယူရန် တရုတ်သုတေသနပညာရှင်များက စီစဉ်နေပြီဖြစ်သည်။

စနစ်တကျသိုလှောင်

တရုတ်နှင့် ဂျပန်သုတေသနပညာရှင်များက နေစွမ်းအင်စုဆောင်းယူနိုင်သည့် လိပ်ပြာများ၏ တောင်ပံအရွယ်အစားသာရှိသော အလွန်သေးငယ်သည့် ဆိုလာပြားလေးများကို အသုံးပြုပြီး ရရှိလာသောစွမ်းအင်များအား စနစ်တကျသိုလှောင်ကာ လျှပ်စစ်ဓာတ်အား ထုတ်ယူခြင်းပင်ဖြစ်သည်။

ထုတ်လုပ်မည်

လိပ်ပြာတောင်ပံလေးများသဖွယ် နေစွမ်းအင်ခံယူမည့် ဆိုလာပြားကို အရွယ်အစား ဒီဇိုင်းပုံစံမျိုးစုံဖြင့် ထုတ်လုပ်မည်ဖြစ်သည်။ ထိုသို့ ထုတ်လုပ်ပြီးသော နေစွမ်းအင်ပြားများမှ စုစည်းရရှိသည့် စွမ်းအင်ဖြင့် ဂျင်နရေတာကို လည်ပတ်စေပြီး ဓာတ်အားများထုတ်ယူကာ နေအိမ်များ၊ စီးပွားရေးလုပ်ငန်းများနှင့် စက်ရုံအလုပ်ရုံများကို လျှပ်စစ်ဓာတ်အားပေးခြင်းဖြစ်သည်။

အချိန်တိုအတွင်း

ဤကဲ့သို့ လိပ်ပြာတောင်ပံအရွယ် နေစွမ်းအင်ခံပြားလေးများကို အသုံးပြုကာ ဓာတ်အားထုတ်ယူခြင်းသည် အရွယ်အစား ကြီးမားသော နေစွမ်းအင်ခံပြားမှ ဓာတ်အားထုတ်ယူခြင်းထက် အချိန်တိုအတွင်း ဓာတ်အားထုတ်ယူနိုင်ကြောင်း သိရသည်။

ဓာတ်အားထုတ်ပေးနိုင်

ထို့အတူ နေစွမ်းအင်စုစည်းနိုင်မှုနှင့် ရယူနိုင်မှုစွမ်းအားမှာလည်း ပုံမှန်အရွယ်အစား နေစွမ်းအင်ခံပြားများထက် ၁၀ ရာခိုင်နှုန်းခန့် ပိုမိုဓာတ်အားထုတ်ပေးနိုင်ကြောင်း တရုတ်သုတေသနပညာရှင် ဒေါက်တာတိုင်ကျန်းက ပြောကြားသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ■

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးထွန်းညှိ ပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်းလုံးဝ (လုံးဝ) မပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။ (မီးသတ်ဦးစီးဌာန)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

နေ့စဉ် ဖြည်းဖြည်းမှန်မှန် အပြေးလေ့ကျင့်ပါလျှင် အသည်းအဆီဖုံးခြင်း လျော့ကျနိုင်ဟုဆို

နေ့စဉ် ကိုယ်လက်လှုပ်ရှားမှု သို့မဟုတ် ခပ်ဖြည်းဖြည်း အပြေးလေ့ကျင့်ခြင်းသည် အသည်းအဆီဖုံးခြင်းကို လျော့ကျစေကြောင်း ပြင်သစ်သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

ချေဖျက်

ခန္ဓာကိုယ်အတွင်း ကိုလက်စထရောများပြားပြီး အဝလွန်သောသူများသည် အသည်းအဆီဖုံးခြင်းဖြစ်ပွားမှု ၉၀ ရာခိုင်နှုန်းခန့် ရှိတတ်ကြသည်ဖြစ်ရာ နေ့စဉ်အနေးအပြေးလေ့ကျင့်ခြင်းကြောင့် ကိုယ်အလေးချိန်ကျဆင်းစေသည့်အပြင် ကိုလက်စထရောများမှုကို ချေဖျက်စေနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

ထိခိုက်စေနိုင်

အသည်းအဆီဖုံးခြင်းကြောင့် ခန္ဓာကိုယ်အတွင်း အသည်း၏ လုပ်ငန်းစဉ်များကို ထိခိုက်စေသည်ဖြစ်ရာ အသည်းရောဂါဖြစ်ပွားစေကြောင်း၊ အသည်းအဆီဖုံးသည့် ပမာဏများပြားလာခြင်းကြောင့် အသက်အန္တရာယ်ကို ထိခိုက်စေနိုင်ကြောင်း သိရသည်။

ပုံမှန်ပြုလုပ်

နေ့စဉ် အနေးအပြေးလေ့ကျင့်ခြင်းကို မိနစ် ၂၀ ခန့် ပုံမှန်ပြုလုပ်ပေးပါက အသည်းအဆီဖုံးခြင်းကို သီတင်းတစ်ပတ်အတွင်း ကိုးရာခိုင်နှုန်းအထိ ကျဆင်းစေနိုင်ကြောင်း ၎င်းတို့က အကြံပြုထားသည်။

26-2 (20).pmd 1 2/26/2009, 2:13 AM